# ဖွံ့ဖြိုးမှုအခြေခံသော နှင်ထုတ်ခြင်းများနှင့်နေရပ်မှဖယ်ရှားခြင်းဆိုင်ရာ အခြေခံမူများနှင့်လမ်းညွှန်ချက်များ

လုံလောက်သောလူနေမှုအဆင့်အတန်းဆိုင်ရာအခွင့်အရေး၏အစိတ်အပိုင်းတစ်ရပ်အနေဖြင့်
လုံလောက်သောအိုးအိမ်ထူထောင်ပေးခြင်းအပေါ် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာပါ
နောက်ဆက်တွဲ ၁

A/HRC/4/18

(Unofficial Translation)

# မာတိကာ

စာပိုဒ်များ

၁။ နယ်ပယ်အကျယ်အဝန်းနှင့်သဘောသဘာဝ .................... ၁ - ၁၀

၂။ အထွေထွေတာဝန်ဝတ္တရားများ .......................... ၁၁ - ၃၆

ကျ။ တာဝန်ထမ်းရွက်သူများနင့်တာဝန်ဝတ္တရားများ၏သဘောသဘာဝ .. ၁၁ - ၁၂
ခ ။ အခြေခံလူ့အခွင့်အရေးမူဝါဒများ ...................... ၁၃ - ၂၀
ဂ ။ နိုင်ငံတော်တာဝန်ဝတ္တရားများအကောင်အထည်ဖော်ခြင်း ........ ၂၁ - ၂၇
ဃ။ ကြိုတင်ကာကွယ်တားဆီးမှုဆိုင်ရာ မဟာဗျူဟာများ၊ မူဝါဒများနှင့်
အစီအစဉ်များ .............................. ၂၈ - ၃၆

၃။ နှင်ထုတ်ခြင်းများမတိုင်မီ ........................... ၃၇ - ၄၄

၄။ နှင်ထုတ်ခြင်းများဆောင်ရွက်နေသည့်ကာလအတွင်း ................ ၄၅ - ၅၁

၅။ နှင်ထုတ်မှုတစ်ခုပြီးနောက် - လတ်တလောကယ်ဆယ်ရေးနှင့်ပြန်လည်
နေရာချထားရေး .............................. ၅၂ - ၅၈

၆။ အတင်းအကြပ်နှင်ထုတ်ခြင်းများအတွက် ကုထုံးများ ................ ၅၉ - ၆၈

ကျ။ လျော်ကြေးပေးခြင်း .......................... ၆၀ - ၆၃
ခ။ ပိုင်ရှင်သုပြန်လည်ပေးအပ်ခြင်းနှင့်ပြန်လာခြင်း ............... ၆၄ - ၆၇
ဂ။ ပြန်လည်နေရာချထားပေးခြင်းနှင့်ပြန်လည်ထူထောင်ပေးခြင်း ...... ၆၈ - ၆၉

၇။ စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း နှင့် နောက်ဆက်တွဲလုပ်ဆောင်ခြင်း.. ၆၉ - ၇၀

၈။ နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏အခန်း
ကဏ္ဍ .................................... ၇၁ - ၇၃
၉။ အဓိပ္ပာယ်ဖွင့်ဆိုခြင်း ............................ ၇၄ - ၇၅

## ၁။ နယ်ပယ်အကျယ်အဝန်းနှင့်သဘောသဘာဝ

၁။ အိုးအိမ်(များ)နှင့်မြေယာတို့မှ အတင်းအကြပ်နှင်ထုတ်ခြင်းများကိုရှောင်ကြဉ်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန် နိုင်ငံများ၏တာဝန်သည် လူသားတို့၏လုံလောက်သောအိုးအိမ်ပိုင်ဆိုင်ခွင့်နှင့်အခြားဆက်စပ်နေသောလူ့အခွင့်အရေးများကို အကာအကွယ်ပေးသည့် နိုင်ငံတကာဥပဒေဆိုင်ရာစာချုပ်စာတမ်းများမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ၎င်းစာချုပ်စာတမ်းများထဲတွင် နိုင်ငံတကာလူ့အခွင့်အရေးကြေညာစာတမ်း၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာချုပ် (ပုဒ်မ ၁၁၊ အပိုဒ် ၁)၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (ပုဒ်မ ၂၇၊ အပိုဒ် ၃)၊ အမျိုးသမီးများအား ခွဲခြားဆက်ဆံသည့်ပုံစံအားလုံးတို့ကို တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ ပုဒ်မ ၁၄၊ အပိုဒ် ၂ (ဇ) တွင်တွေ့ရသော ခွဲခြားဆက်ဆံမရှိစေရေး ပြဋ္ဌာန်းချက်များ နှင့် လူမျိုးရေးခွဲခြားဆက်ဆံမှုပုံစံအားလုံးတို့အားတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်း၏ ပုဒ်မ ၅ (င) တို့ ပါဝင်ပါသည်။

၂။ ထို့အပြင် လူ့အခွင့်အရေးချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ ခွဲခြားဆောင်ရွက်ခြင်းမရှိစေရဟူသောမူနှင့်အညီ နိုင်ငံသားများနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာပဋိညာဉ်စာချုပ်၏ ပုဒ်မ ၁၇ တွင် “မည်သူတစ်ဦးတစ်ယောက်မှ ၎င်း၏ကိုယ်ပိုင်လွတ်လပ်ခွင့်၊ မိသားစု၊ အိုးအိမ်သို့မဟုတ် စာပေးစာယူကိစ္စများနှင့်ပတ်သက်၍ အတင်းအဓမ္မ တရားမဝင် ဝင်ရောက်စွက်ဖက်ခံရမှုမရှိစေရ” နှင့် “လူတိုင်းသည် ဤကဲ့သို့ ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် တိုက်ခိုက်ခံရမှုကို ဥပဒေအရအကာအကွယ်ပေးခြင်း ခံပိုင်ခွင့်ရှိသည်” ဟု ဖော်ပြထားပါသည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်း၏ ပုဒ်မ ၁၆၊ အပိုဒ် ၁ တွင်လည်း အလားတူ ပြဋ္ဌာန်းချက်တစ်ခု ပါဝင်ပါသည်။ နိုင်ငံတကာဥပဒေရှိ အခြား ကိုးကားဖော်ပြချက်များတွင် ဒုက္ခသည်များ၏အဆင့်အတန်းနှင့်ပတ်သက်သည့် ၁၉၅၁ခုနှစ် ကွန်ဗင်းရှင်း၏ ပုဒ်မ၂၁၊ လွတ်လပ်သောနိုင်ငံများရှိ ဌာနေလူမျိုးစုများနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO)ကွန်ဗင်းရှင်း နံပါတ် ၁၆၉ ၏ ပုဒ်မ ၁၆ (၁၉၈၉)၊ နှင့် ၁၉၄၉ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျင်းပသော (စတုတ္ထ အကြိမ်ဂျီနီဗာကွန်ဗင်းရှင်း) ၏ စစ်ဖြစ်ပွားနေချိန်ကာလအတွင်း အရပ်သားများကို အကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် ဂျီနီဗာကွန်ဗင်းရှင်း၏ ပုဒ်မ ၄၉ တို့ ပါဝင်ပါသည်။

၃။ လက်ရှိလမ်းညွှန်ချက်များသည် ဖွံ့ဖြိုးမှုနှင့်ဆက်စပ်နေသော နှင်ထုတ်ခြင်းများနှင့်ဆက်နွယ်နေသော မြို့ပြနှင့်/သို့မဟုတ် ကျေးလက်ဒေသများတွင် နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ လူ့အခွင့်အရေးပတ်သက်ဆက်နွယ်မှုများကို ဖြေရှင်းပေးပါသည်။ ဤလမ်းညွှန်ချက်များသည် ဖွံ့ဖြိုးမှုကိုအခြေခံသော

နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ကျယ်ပြန့်သောလူ့အခွင့်အရေးလမ်းညွှန်ချက်များ ထပ်မံ ဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စားပြုပါသည် (E/CB.4/Sub.2/1997/7 ၊ နောက်ဆက်တွဲ)။ ၎င်းတို့သည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအပေါ်တွင်အခြေခံထားပြီး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာကော်မတီ၏ အထွေထွေသဘောထားမှတ်ချက်အမှတ် ၄ (၁၉၉၇)နှင့် အထွေထွေသဘောထားမှတ်ချက်အမှတ် ၇ (၁၉၉၇)၊ ပြည်တွင်းအစားပေးခြင်းဆိုင်ရာ လမ်းညွှန်မှု များ (E/CN.4/1998/53/Add.2)၊ အထွေထွေညီလာခံက ဆုံးဖြတ်ချက် ၆၀/၁၄၇ တွင် ချမှတ်ထားသော နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေအား ကြီးမားသောချိုးဖောက်မှုနှင့် နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေအားပြင်းထန်သောချိုးဖောက်မှုတို့အတွက် ကုစားမှုနှင့်လျော်ကြေးအခွင့်အရေးဆိုင်ရာ အခြေခံမူများနှင့်လမ်းညွှန်ချက်များ နှင့် ဒုက္ခသည်များနှင့်နေရပ်စွန့်ခွာရသူများအတွက် အိုးအိမ်နှင့်ဥစ္စာပစ္စည်းများ ပေးလျော်ခြင်းဆိုင်ရာမူများ (E/CN.4/Sub.2/2005/17 နှင့် Add.1 ကို ကြည့်ပါ) စသည်တို့နှင့် ကိုက်ညီမှုရှိပါသည်။

၄။ နိုင်ငံတကာ လူ့အခွင့်အရေးစံနှန်းများ၏ မူဘောင်အတွင်း “အတင်းအဓမ္မနှင့်ထုတ်ခြင်းများ” ကျင့်သုံးဆောင်ရွက်မှုဆိုင်ရာ ဆီလျော်မှုရှိသောအဓိပ္ပာယ်ဖွင့်ဆိုချက်များအားလုံးကို ထိုက်သင့်သည့် အလေးဂရုထားမှုပြုလျက် လက်ရှိလမ်းညွှန်ချက်များသည် လူပုဂ္ဂိုလ်များ၊ လူအုပ်စုများနှင့် ရပ်ရွာလူထုအဖွဲ့အစည်းများအား ရယူနေထိုင်လျက်ရှိနေသော သို့မဟုတ မှီခိုမှုပြုနေသော အိုးအိမ်များနှင့်/သို့မဟုတ် မြေယာများနှင့် အများပိုင်ပစ္စည်းဥစ္စာအရင်းအမြစ်များမှ အတင်းအဓမ္မ သို့မဟုတ် ဆန္ဒမရှိဘဲပြောင်းရွှေ့မှု နှင့် သင့်တော်သော ဥပဒေဆိုင်ရာ သို့မဟုတ် အခြားအကာအကွယ်ပေးမှုဆိုင်ရာ ပြဌာန်းချက်နှင့်အခွင့်အရေးတို့ မရရှိဘဲ ဤသို့ဆောင်ရွက်ခြင်းကြောင့် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ လူအုပ်စု သို့မဟုတ် ရပ်ရွာလူထုအဖွဲ့အစည်းတို့၏ တစ်စုံတစ်ခုသော နေအိမ် သို့မဟုတ် နေရာတစ်ခုတွင် နေထိုင်ရန် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ရန် စွမ်းရည်ကို ပျက်စီးစေခြင်း သို့မဟုတ် ကန့်သတ်ချက်ဖြစ်ပေါ်စေခြင်း တို့နှင့်ပတ်သက်သည့် ဆောင်ရွက်မှုများ နှင့်/သို့မဟုတ် ထိန်းချုပ်မှုများ အပေါ်တွင် အသုံးပြုပါသည်။[၁]

၅။ အတင်းအဓမ္မနှင်ထုတ်ခြင်းများသည် နိုင်ငံတကာဥပဒေအရ ထူးခြားသောသွင်ပြင်လက္ခဏာတစ်ခုဖြစ်ပြီး၊ ၎င်းတို့သည် ဥပဒေအရလုံခြုံစိတ်ချရသောမြေယာအသုံးချပိုင်ခွင့်အခြေအနေမရှိခြင်းနှင့်ဆက်စပ်နေပြီး၊ ယင်းအခြေအနေသည် လုံလောက်သောအိုးအိမ်ပိုင်ဆိုင်ခွင့်၏အရေးကြီးသောအခြေခံအချက်တစ်ရပ်လည်းဖြစ်သည။ အတင်းအဓမ္မနှင်ထုတ်ခြင်းများကြောင့်ဖြစ်ပေါ်လာသော အကျိုးဆက်များသည် အတင်းအကြပ်နေရပ်စွန့်ခွာ ပြောင်းရွှေ့နေထိုင်စေမှုများ[၂] ဖြစ်သည့် ပြည်သူလွှဲပြောင်းမှု၊ လူဦးရေပေါက်ကွဲမှုများ၊ အစုလိုက်အပြုံလိုက် ထွက်ခွာခြင်း၊ လူမျိုး မျိုးတုံးသတ်ဖြတ်မှုနှင့ အခြားသောနည်းလမ်းများဖြစ်သည့် ပြည်သူများကို အတင်းအဓမ္မ ၎င်းတို့၏ဆန္ဒမပါဘဲ ၎င်းတို့၏အိုးအိမ်များ၊ မြေယာများနှင့်ရပ်ရွာလူထုအဖွဲ့အစည်းအတွင်းမှ ဖယ်ရှားမှုများကြောင့် ပေါ်ထွက်လာသောများစွာသောအကျိုးဆက်များနှင့် အလားသဏ္ဍာန်တူသည်။

---

[၁] အတင်းအဓမ္မနှင့်ထုတ်ခြင်းအားတားမြစ်ပိတ်ပင်ခြင်း ဆိုသည်ကို ဥပဒေနှင့်အညီ၊ နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်စာတမ်းများပါ ပြဌာန်းချက်များနှင့်အညီ ဆောင်ရွက်သော နှင်ထုတ်ခြင်းများအတွက် အသုံးမပြုပါ။

[၂] ပြည်တွင်းနေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်မှုဆိုင်ရာလမ်းညွှန်မှုများ၏ မူဝါဒအမှတ်စဉ် ၆ နှင့်အညီ။

၆။ အတင်းအဓမ္မနှင်ထုတ်ခြင်းများသည် လုံလောက်သော အိုးအိမ်၊ စားနပ်ရိက္ခာ၊ ရေ၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ လူပုဂ္ဂိုလ်လုံခြုံမှု၊ အိုးအိမ်လုံခြုံမှု၊ ရက်စက်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာနိမ့်ကျစေသောဆက်ဆံမှုနှင့် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် တို့အပါအဝင် နိုင်ငံတကာအသိအမှတ်ပြု လူ့အခွင့်အရေးများစွာတို့ကို ကြီးမားသောချိုးဖောက်မှုဖြစ်စေသည်။ ချွင်းချက်အခြေအနေများမှလွဲ၍ နှင်ထုတ်ခြင်းများကို ဥပဒေနှင့်အညီ၊ နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာဥပဒေတို့၏ သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

၇။ အတင်းအဓမ္မနှင်ထုတ်ခြင်းများသည် ညီမျှမှုမရှိခြင်း၊ လူမှုရေးပဋိပက္ခ၊ ခွဲခြားမှုနှင့် လူမျိုးရေး ဘာသာရေးခွဲခြားခြင်းတို့ကို ပိုမိုပြင်းထန်စေပြီး၊ အဆင်းရဲဆုံးသူများ၊ လူမှုရေးနှင့်စီးပွားရေးအရ ထိခိုက်ခံစားရအလွယ်ဆုံးသူများနှင့် လူ့အဖွဲ့အစည်း၏အခွင့်အရေးအနည်းပါးဆုံးသူများ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးများ၊ လူနည်းစုများနှင့် တိုင်းရင်းသားလူမျိုးစုများကို မလွဲမသွေ ထိခိုက်စေပါသည်။

၈။ လက်ရှိလမ်းညွှန်ချက်များပါအခြေအနေများအရ ဖွံ့ဖြိုးမှုအခြေခံသောနှင်ထုတ်ခြင်းများတွင် (ကြီးမားသောဆည်များ၊ အကြီးစားစက်မှုနှင့်စွမ်းအင်စီမံကိန်းများ သို့မဟုတ် တွင်းထွက်တူးဖော်ခြင်းလုပ်ငန်းနှင့်အခြားသော တူးဖော်ထုတ်လုပ်သောစက်မှုလုပ်ငန်းများ အပါအဝင်) ဖွံ့ဖြိုးရေးနှင့်အခြေခံအဆောက်အအုံစီမံကိန်းများစသည်တို့နှင့်ဆက်စပ်လျက်ရှိသော "ပြည်သူ့အကျိုးပြု" ဆောင်ရွက်သောအခြေအနေများအရ စီစဉ်သော သို့မဟုတ် ဆောင်ရွက်သော နှင်ထတ်ခြင်းများ၊ မြို့ပြပြန်လည်ဆန်းသစ်ခြင်း၊ ပျံ့ကျရပ်ကွက်များအဆင့်မြှင့်တင်ခြင်း၊ အိမ်ရာပြန်လည်ပြင်ဆင်ခြင်း၊ မြို့ပြအလှဆင်ခြင်း သို့မဟုတ် (စိုက်ပျိုးရေးလုပ်ငန်းများအတွက်အပါအဝင်) အခြားမြေယာအသုံးချမှုအစီအစဉ်များ၊ ဆင်းရဲနွမ်းပါးမှု၊ အိမ်ခြံမြေနှင့်မြေယာအငြင်းပွားမှုများ၊ ထိန်းချုပ်မှုမရှိသောမြေယာဈေးကစားမှုများ၊ အဓိကကျသောနိုင်ငံတကာစီးပွားရေးနှင့်အားကစားပြိုင်ပွဲများ နှင့် အပေါ်ယံအမြင်အားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပါဝင်ပါသည်။ ဤကဲ့သို့သောလုပ်ငန်းများတွင် နိုင်ငံတကာ ဖွံ့ဖြိုးရေးအကူအညီများက ပံ့ပိုးပေးသော လုပ်ငန်းများလည်း ပါဝင်ပါသည်။

၉။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု သို့မဟုတ် ယိုယွင်းမှုများမှ ဖြစ်ပေါ်လာသော နေရပ်စွန့်ခွာမှု၊ နှင်ထုတ်ခြင်းများ သို့မဟုတ် ရုန်းရင်းဆန်ခတ်ဖြစ်ခြင်း၊ သဘာဝ သို့မဟုတ် လူသားတို့ကြောင့် ဖြစ်ပွားသော ဘေးအန္တရာယ်များ၊ တင်းမာမှု သို့မဟုတ် မတည်ငြိမ်မှု၊ (နိုင်ငံတွင်းနှင့်နိုင်ငံတကာကဏ္ဍများပါရှိသည့်) ပြည်တွင်း၊ ပြည်ပ သို့မဟုတ် ပေါင်းစပ်ပဋိပက္ခနှင့် အရေးပေါ်အခြေအနေများ၊ ပြည်တွင်းအကြမ်းဖက်မှုများ နှင့် အချို့သော ယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံဆိုင်ရာ ကျင့်စဉ်များမှ ပေါ်ထွက်လာသော တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်မှုများသည် လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံနှုန်းများရှိလျက်နှင့် အလေးမထားဘဲ မကြာခဏ ဖြစ်ပေါ်တတ်ပါသည်။ သို့သော် ဤကဲ့သို့သောအခြေအနေများသည် နောက်ထပ်ထည့်သွင်းစဉ်းစားစရာ အကြောင်းအရာများ ပါဝင်နေပြီး၊ ၎င်းတို့ကို လက်ရှိလမ်းညွှန်ချကများက အတိအလင်းဖြေရှင်းပေးခြင်းမရှိသော်လည်း ထိုကဲ့သို့သော အထက်ဖော်ပြပါ အခြေအနေများတွင်လည်း အသုံးဝင်သောလမ်းညွှန်မှုကို

ပေးအပ်နိုင်ပါသည်။ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအား ကြီးမားသောချိုးဖောက်မှုနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေအားပြင်းထန်သောချိုးဖောက်မှုတို့အတွက် ကုစားမှုနှင့် လျော်ကြေးအခွင့်အရေးဆိုင်ရာ အခြေခံမူများနှင့်လမ်းညွှန်ချက်များ၊ ပြည်တွင်းနေရပ်စွန့်ခွာမှုနှင့် ပတ်သက်သည့် လမ်းညွှန်မူဝါဒများ၊ ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာရသူများအတွက် အိုးအိမ်နှင့် ဥစ္စာပစ္စည်းများ ပေးလျော်ခြင်းဆိုင်ရာမူများကို အလေးပေးထားပါသည်။

၁၀။ အတင်းအဓမ္မနှင့်ထုတ်ခြင်းများဖြစ်ပွားစေသည့် ကျယ်ပြန့်များပြားသော အခြေအနေများကို အသိအမှတ်ပြုလျှက် ဖွံ့ဖြိုးမှုအခြေခံသောနှင်ထုတ်ခြင်းများကို ဆောင်ရွက်ရာတွင် လက်ရှိကျင့်သုံးနေသော နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို ဆန့်ကျင်မှုမဖြစ်စေရန်နှင့် အတင်းအဓမ္မနှင်ထုတ်ခြင်းများမဖြစ်စေရန်တို့ကို အာမခံချက်ပေးရန် လက်ရှိလမ်းညွှန်ချက်များသည် နိုင်ငံများသို့ ချမှတ်ဆောင်ရွက်ရန်လုပ်ငန်းစဉ်များနှင့်လုပ်ထုံးလုပ်နည်းများဆိုင်ရာလမ်းညွှန်မှုပေးရန် အဓိကထားပါသည်။ အတင်းအဓမ္မနှင်ထုတ်ခြင်းများမရှိကြောင်း အာမခံချက်ပေးရန်နှင့် ကြိုတင်ကာကွယ်တားဆီးမှု အောင်မြင်မှုမရရှိလျှင် လူ့အခွင့်အရေးချိုးဖောက်ခံရသူများသို့ ထိရောက်သော ကုစားမှုများ ပေးအပ်နိုင်ရန် တို့အတွက် ဤလမ်းညွှန်မူဝါဒများက မူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ နှင့် ကြိုတင်ကာကွယ်တားဆီးမှုဆိုင်ရာ လုပ်ငန်းစဉ်များဖော်ထုတ်ရာတွင် နိုင်ငံများနှင့် အဖွဲ့အစည်းများကို အကူအညီပေးရန် လက်တွေ့ကျသော နည်းလမ်းတစ်ရပ် ဖြည့်ဆည်းပေးရေးကို ရည်ရွယ်ပါသည်။

## ၂။အထွေထွေတာဝန်ဝတ္တရားများ

### က။ တာဝန်ထမ်းရွက်သူများနှင့်တာဝန်ဝတ္တရားများ၏သဘောသဘာဝ

၁၁။ ဆောင်ရွက်သူအမျိုးမျိုးတို့က အတင်းအဓမ္မနှင်ထုတ်မှုများနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်သည်၊ အရေးယူနိုင်သည်၊ အဆိုပြုနိုင်သည်၊ ဦးဆောင်နိုင်သည်၊ အပြစ်မယူဘဲခွင့်လွှတ်နိုင်သည် သို့မဟုတ် ဆိတ်ဆိတ်နေခြင်းဖြင့် သဘောတူနိုင်သည် စသည်ဖြင့် အမျိုးမျိုးကွဲပြားနိုင်သော်လည်း၊ လက်ရှိလမ်းညွှန်ချက်တွင် ဖော်ပြထားသည့်အတိုင်း စည်းနှောင်မှုရှိသော စာချုပ်များနှင့် အပြည်ပြည်ဆိုင်ရာပြည်သူ့ဥပဒေ၏အထွေထွေမူများတွင် ထည့်သွင်းရေးဆွဲထားသည့် အခွင့်အရေးများကို လေးစားမှုရှိခြင်းကို အာမခံချက်ပေးနိုင်စေရန်အလို့ငှာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစံနှုန်းများကို အသုံးချရေးသည် နိုင်ငံများတွင် အဓိကတာဝန်ရှိသည်။ သို့သော် ဤသို့ဆိုလိုက်ခြင်းသည် အခြားအဖွဲ့အစည်းဖြစ်သည့် စီမံကိန်းမန်နေဂျာများနှင့်ဝန်ထမ်းများ၊ နိုင်ငံတကာဘဏ္ဍာရေးနှင့် အခြားအဖွဲ့အစည်းများ၊ နိုင်ငံတကာကုမ္ပဏီများနှင့် ပုဂ္ဂလိကမြေပိုင်ရှင်များအပါအဝင် တစ်သီးပုဂ္ဂလအဖွဲ့အစည်းများကို တာဝန်အားလုံးမ ကင်းလွတ်ခွင့်ပေးထားသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

၁၂။ အပြည်ပြည်ဆိုင်ရာဥပဒေအရ နိုင်ငံများ၏တာဝန်များတွင် လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအားလုံးကို လေးစားရေး၊ အကာအကွယ်ပေးရေးနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ ပါဝင်ပါသည်။ ဆိုလိုသည်မှာ နိုင်ငံများသည် ပြည်တွင်းမှာရော ပြည်ပတွင်ပါ လူ့အခွင့်အရေး ချိုး

ဖောက်မှုများကို ရှောင်ကျဉ်ရမည်၊ နိုင်ငံ၏စီရင်ပိုင်ခွင့်နယ်နမိတ်အတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ထိရောက်သောထိန်းချုပ်မှုပြုလုပ်ခြင်းတို့သည် အခြားသူများ၏ လူ့အခွင့်အရေးများကို ချိုးဖောက်ခြင်း မဖြစ်စေရ၊ လူ့အခွင့်အရေးများကို ထောက်ခံရန်နှင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများကို အကူအညီပေးရန် ကြိုတင်ကာကွယ်တားဆီးမှုနှင့် ကုစားမှုဆိုင်ရာ လုပ်ငန်းအဆင့်များကို ဆောင်ရွက်ရမည်ဖြစ်သည်။ ဤတာဝန်များသည် စဉ်ဆက်မပြတ် နှင့် တစ်ချိန်တည်းတစ်ပြိုင်တည်း ရှိနေသော တာဝန်များဖြစ်ပြီး၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်အဆင့်တို့၏ အကြံပြုချက်များ မဟုတ်ပါ။

## ခ ။ အခြေခံလူ့အခွင့်အရေးမူဝါဒများ

၁၃။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေအရ လူတိုင်းလူတိုင်းသည် လုံလောက်သောလူနေမှုအဆင့်အတန်းတစ်ရပ်ရရှိခွင့်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် လုံလောက်သည့် အိုးအိမ်ပိုင်ဆိုင်ခွင့်ရှိသည်။ လုံလောက်သည့် အိုးအိမ်ပိုင်ဆိုင်ခွင့် အခွင့်အရေးများထဲတွင် ပုဂ္ဂလိကပိုင်ဆိုင်မှု၊ မိသားစုနှင့် အိုးအိမ်တို့နှင့်ပတ်သက်၍လည်းကောင်း၊ ဥပဒေအရ ပိုင်ဆိုင်ခွင့်သက်တမ်းလုံခြုံမှုရှိစေခြင်းနှင့် ပတ်သက်၍လည်းကောင်း အတင်းအဓမ္မ သို့မဟုတ် ဥပဒေနှင့်ညီညွတ်မှုမရှိသော ဝင်ရောက်စွက်ဖက်ခြင်းကို အကာအကွယ်ပေးခွင့် တို့ ပါဝင်ပါသည်။

၁၄။ အပြည်ပြည်ဆိုင်ရာဥပဒေအရ အတင်းအဓမ္မနှင်ထုတ်ခြင်းကိုဆန့်ကျင်ကာကွယ်ပေးရန်နှင့် လုံလောက်သောအိုးအိမ်ပိုင်ဆိုင်ခွင့်နှင့် ပိုင်ဆိုင်မှုသက်တမ်းလုံခြုံမှုရှိစေခြင်းဆိုင်ရာ လူ့အခွင့်အရေးတို့ကို လူမျိုးရေး၊ အသားအရောင်၊ ကျား-မ၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် ယုံကြည်မှု၊ နိုင်ငံရေး သို့မဟုတ် အခြားသော အယူအဆ၊ နိုင်ငံ၊ လူမျိုးစု သို့မဟုတ် လူမှုရေးဆိုင်ရာ မူရင်းဖြစ်မှု၊ ဥပဒေဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ အဆင့်အတန်း၊ အသက်အရွယ်၊ မစွမ်းမသန်ဖြစ်မှု၊ ဆင်းရဲနွမ်းပါးမှု၊ မွေးဖွားမှု သို့မဟုတ် အခြားအဆင့်အတန်းများအပေါ်အခြေခံလျှက် ခွဲခြားဆက်ဆံမှု တစ်မျိုးမျိုး မရှိစေရန် အာမခံချက်ပေးရမည်ဖြစ်သည်။

၁၅။ လက်ရှိလမ်းညွှန်ချက်တွင်ဖော်ပြထားသည့်အတိုင်း နိုင်ငံများသည် အတင်းအဓမ္မနှင်ထုတ်ခြင်းမှ အကာအကွယ်ပေးရာတွင် အမျိုးသမီးများနှင့်အမျိုးသားများ တန်းတူအခွင့်အရေးရရှိရေး၊ လုံလောက်သော အိုးအိမ်ပိုင်ဆိုင်မှုနှင့်ပိုင်ဆိုင်မှုသက်တမ်းလုံခြုံမှုဆိုင်ရာ လူ့အခွင့်အရေးများကို တန်းတူညီမျှခံစားခွင့်ရှိစေရေးတို့ကို အာမခံချက်ပေးရမည်ဖြစ်သည်။

၁၆။ လူပုဂ္ဂိုလ်များ၊ အုပ်စုများ နှင့် လူထုအဖွဲ့အစည်းများအားလုံးတို့တွင် ပြန်လည်နေရာချထားခွင့်ရှိပြီး၊ ၄င်းတို့တွင် အရည်အသွေးပိုမိုကောင်းမွန်သော သို့မဟုတ် တူညီသော အခြားရွေးချယ်စရာမြေယာနှင့်အိုးအိမ်ပိုင်ဆိုင်ခွင့်တို့ပါဝင်ပြီး၊ လုံလောက်မှုရှိခြင်းအတွက် အောက်ပါစံနှုန်းများ ပြည့်မီစေရမည် - လက်လှမ်းမီမှု၊ တတ်နိုင်မှု၊ နေထိုင်နိုင်မှု၊ ပိုင်ဆိုင်မှုသက်တမ်းလုံခြုံစိတ်ချရမှု၊ ယဉ်ကျေးမှုဆိုင်ရာ လုံလောက်မှု၊ နေရာထိုင်ခင်းသင့်တော်မှုနှင့် ကျန်းမာရေး၊ ပညာရေးကဲ့သို့သော အရေးကြီးသည့် ဝန်ဆောင်မှုများ ရရှိနိုင်မှု စသည်တို့ဖြစ်သည်။[၇]

[၇] ၁၉၉၁ ခုနှစ် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာကော်မတီက ချမှတ်ပြဋ္ဌာန်းပေးထားသော လုံလောက်မှုရှိသော အိုးအိမ်အခွင့်အရေးဆိုင်ရာ အထွေထွေသဘောထားမှတ်ချက် အမှတ် ၄ ကို ကြည့်ပါ။

၁၇။ ၎င်း၏ အတင်းအဓမ္မနှင်ထုတ်ခြင်းဆိုင်ရာအကာအကွယ်ပေးမှုအခွင့်အရေး ကို ချိုးဖောက်ခံရသည် သို့မဟုတ် ချိုးဖောက်ခံရမည့်ခြိမ်းခြောက်မှုနှင့်တွေ့ကြုံနေရသည်ဟု တင်ပြပြောဆိုလာသူ တစ်စုံတစ်ဦးကို လုံလောက်မှုရှိပြီး ထိရောက်မှုရှိသော ဥပဒေဆိုင်ရာ သို့မဟုတ် အခြားသင့်တော်သော ကုစားမှုများ ရရှိနိုင်အောင် နိုင်ငံများက အာမခံချက်ပေးရမည်။

၁၈။ အတင်းအဓမ္မနှင်ထုတ်ခြင်းများကို အမှန်တကယ်တည်ရှိနေသည့်အတင်း သို့မဟုတ် တရားဥပဒေအတိုင်း အကာအကွယ်ပေးခြင်းနှင့်ပတ်သက်၍ နိုင်ငံများသည် ရည်ရွယ်ချက်ဖြင့် နောက်ကြောင်းပြန် အာဏာသက်ရောက်စေသည့် ဆောင်ရွက်မှုများမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။

၁၉။ အတင်းအဓမ္မနှင်ထုတ်ခြင်းကို တားမြစ်ပိတ်ပင်ရာတွင် အကျိုးသက်ရောက်မှုခံစားရသည့် ပြည်သူတို့၏ လူမျိုးစု၊ ဘာသာတရား သို့မဟုတ် လူမျိုးစုဖွဲ့စည်းတည်ရှိမှုတို့ကို ထိခိုက်ပြောင်းလဲ အကျိုးသက်ရောက်စေသည့် အတင်းအကြပ် ဖယ်ရှားခြင်းများလည်း ပါဝင်သည်ဟု နိုင်ငံများက အသိအမှတ် ပြုရမည် ဖြစ်သည်။

၂၀။ နိုင်ငံများသည် နိုင်ငံတကာဖွံ့ဖြိုးရေးအကူအညီများ ရယူခြင်းနှင့်ပေးအပ်ခြင်းတို့တွင် ပါဝင်သော လူ့အခွင့်အရေးဆိုင်ရာတာဝန်ဝတ္တရားများနှင့်အညီ ၎င်းတို့၏ နိုင်ငံတကာမူဝါဒများနှင့် လုပ်ငန်းများကို ချမှတ်ဆောင်ရွက်ရမည်ဖြစ်သည။

## ဂ ။ နိုင်ငံတော်တာဝန်ဝတ္တရားများအကောင်အထည်ဖော်ခြင်း

၂၁။ ခြွင်းချက်ဖြစ်သောအခြေအနေများတွင်သာ အတင်းအဓမ္မနှင်ထုတ်ခြင်းများဖြစ်ပွားမှုရှိကြောင်း နိုင်ငံများက အာမခံချက်ပေးရမည်။ အတင်းအဓမ္မနှင်ထုတ်ခြင်းများသည် နိုင်ငံတကာ အသိအမှတ်ပြုထားသော ကျယ်ပြန့်များပြားသည့် လူ့အခွင့်အရေးများအပေါ် ဆန့်ကျင်ဖက် အကျိုးသက်ရောက်မှုကြောင့် အပြည့်အဝ တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်သည်။ အတင်းအဓမ္မနှင်ထုတ်မှု တစ်ခုကို (က) တရားဥပဒေအရ အာဏာအပ်နှင်းပေးရမည်၊ (ခ) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်၊ (ဂ) အထွေထွေသာယာဝပြောမှုမြှင့်တင်ရေး ရည်ရွယ်ချက်အတွက်သာ ဆောင်ရွက်ရမည်၊[7] (ဃ) ကျိုးကြောင်းဆီလျော်မှုရှိပြီး အချိုးအစားကျနရမည်၊ (င) ပြည့ဝမှုရှိပြီး တရားမျှတသော ပေးလျော်မှုနှင့်ပြန်လည်နေရာချထားမှုကို အာမခံချက်ပေးရန် စည်းမျဉ်းသတ်မှတ်ဆောင်ရွက်ရမည်၊ (င) လက်ရှိလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်သည်။ အဆိုပါလုပ်ထုံးလုပ်နည်းဆိုင်ရာလိုအပ်ချက်များက ပြဋ္ဌာနးပေးသော အကာအကွယ်ပေးမှုကို ထိခိုက်ခံစားရနိုင်သောသူများ နှင့် ထိခိုက်ခံစားရသူအုပ်စုများအားလုံးတို့အား ပြည်တွင်းဥပဒေအရ ၎င်းတို့တွင် အိုးအိမ်နှင့်ပစ္စည်းဥစ္စာများ ပိုင်ဆိုင်မှုရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အလေးမထားဘဲ ကျင့်သုံးဆောင်ရွက်ပေးရမည်ဖြစ်သည်။

---

[7] လက်ရှိလမ်းညွှန်ချက်များတွင် အထွေထွေသာယာဝပြောမှုမြှင့်တင်ခြင်းဆိုသည်မှာ နိုင်ငံများက ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးတာဝန်ဝတ္တရားများ အထူးသဖြင့် ထိခိုက်ခံစားရနိုင်ဆုံးသောသူများ၏ လူ့အခွင့်အရေးများကို အာမခံချက်ပေးရန်လိုအပ်ချက် များနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းအဆင့်များကို ရည်ညွှန်းခြင်းဖြစ်သည်။

၂၂။ နိုင်ငံများသည် ယင်းတို့၏ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာတာဝန်ဝတ္တရားများနှင့်ကိုက်ညီမှု မရှိသည့် နှင်ထုတ်ခြင်းများအကောင်အထည်ဖော်ခြင်းကို တားမြစ်ပိတ်ပင်သည့် ဥပဒေနှင့်မူဝါဒဆိုင်ရာ လုပ်ငန်းစဉ်များကို ချမှတ်ရမည်။ နိုင်ငံများသည် အိုးအိမ်နှင့် မြေယာ တောင်းဆိုမှု သို့မဟုတ် သိမ်းယူမှုများ အထူးသဖြင့် ဤသို့ဆောင်ရွက်ခြင်းသည် လူ့အခွင့်အရေးခံစားမှုကို အထောက်အကူမပြုသည့်အခါ အတတ်နိုင်ဆုံးအမြင့်ဆုံးအတိုင်းအတာအထိ ရှောင်ကြဉ်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် မြေယာပြုပြင်ပြောင်းလဲမှု သို့မဟုတ် ပြန်လည်ခွဲဝေမှုလုပ်ငန်းများသည် အထူးသဖြင့် ထိခိုက်ခံစားရလွယ်သူများ သို့မဟုတ် ပစ္စည်းဥစ္စာမရှိသူများ၊ အုပ်စုများ သို့မဟုတ် ရပ်ရွာလူထုအဖွဲ့အစည်းများအတွက် ပါဝင်သည်ဆိုလျှင် နှင်ထုတ်မှုတစ်ခုကို တရားမျှသည်ဟု ယူဆနိုင်ပါသည်။ နိုင်ငံများသည် ၎င်း၏စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း အသုံးပြုနေသော ဥပဒေ နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့် အပြည့်အဝကိုက်ညီမှုမရှိသော ပုံစံဖြင့် နှင်ထုတ်ခြင်းများကို ဆောင်ရွက်သည့် အစိုးရနှင့်ဆိုင်သော သို့မဟုတ် ပုဂ္ဂလိကဖြစ်သောလူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခု ကို သင့်တော်သော တရားမ သို့မဟုတ် ရာဇဝတ်မှု ပြစ်ဒဏ်များ ချမှတ်သင့်သည်။ နိုင်ငံများသည် အတင်းအဓမ္မနှင်ထုတ်မှုများကို ကြုံတွေ့နေရသော၊ ထိခိုက်ခံစားနိုင်ရသည့်အခြေအနေရှိသော သို့မဟုတ် ကာကွယ်မှုပြုနေသူအားလုံးတို့အား လုံလောက်ပြီး ထိရောက်မှုရှိသော ဥပဒေဆိုင်ရာ သို့မဟုတ် အခြားသင်တော်သော ကုစားမှုများကို ရရှိနိုင်အောင် အာမခံချက်ပေးရမည်ဖြစ်သည်။

၂၃။ နိုင်ငံများသည် ၎င်းတို့၏ရရှိနိုင်သမျှသော အရင်းအမြစ်များကို အမြင့်ဆုံး အသုံးပြုပြီး ပြည်သူများအားလုံး လုံလောက်သော အိုးအိမ်ပိုင်ဆိုင်ခွင့်အခွင့်အရေးကို တန်းတူညီမျှခံစားရစေရေး အာမခံချက်ပေးရန် လုပ်ငန်းအဆင့်အမျိုးမျိုးကို ဆောင်ရွက်ရပါမည်။ လက်ရှိ အပြည်ပြည်ဆိုင်ရာလူ့အခွင့် အရေးစံနှုန်းများနှင့် ကိုက်ညီမှုမရှိသည့် နှင်ထုတ်ခြင်းများမှ လူပုဂ္ဂိုလ်များ၊ အုပ်စုများနှင့် ရပ်ရွာလူထု အဖွဲ့အစည်းများအား ကာကွယသည့်အာမခံချက်ပေးရန သင့်တော်သော ဥပဒေနှင့် မူဝါဒရေးရာ လုပ်ငန်းများချမှတ်ဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံများ၏တာဝန်ဝတ္တရားသည် လတ်တလော အရေးတကြီးဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်သည်။[၅]

၂၄။ လုံလောက်မှုရှိသောအိုးအိမ်ပိုင်ဆိုင်ခွင့်လူ့အခွင့်အရေးခံစားမှုအပေါ် ပြဌာန်းဥပဒေအရ သော်လည်းကောင်း သို့မဟုတ် အခြားနည်းလမ်းအရ သော်လည်ကောင်း မည်သည့်ခွဲခြားဆက်ဆံမှုကမျှ ဆန့်ကျင်ဘက်အကျိုးသက်ရောကမှုမရှိစေရေးအာမခံချက်ပေးရန် နိုင်ငံများသည် သက်ဆိုင်ရာ နိုင်ငံတော် ဥပဒေနှင့်မူဝါဒတို့ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးပြဌာန်းချက်များနှင့်ကိုက်ညီမှုရှိစေရေးအမြင်ဖြင့် ကျယ်ပြန့်သည့် သုံးသပ်ချက်များ ဆောင်ရွက်သင့်ပါသည်။ ဤကဲ့သို့သော ကျယ်ပြန့်သည့် သုံးသပ်ချက်က လက်ရှိ ဥပဒေ၊ စည်းမျဉ်းနှင့် မူဝါဒတို့သည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ အမွေဆက်ခံခြင်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ကျင့်စဉ်များကြောင့် အတင်းအဓမ္မ နှင်ထုတ်

[၅] စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာကော်မတီက ၁၉၉၀ ခုနှစ်တွင် ချမှတ်ပြဌာန်းလိုက်သော နိုင်ငံအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများအပေါ် အထွေထွေသဘောထားမှတ်ချက်အမှတ် ၃ ကို ကြည့်ပါ။

ခြင်းသို့ ဦးတည်သွားမှု သို့ အတင်းအဓမ္မနှင်ထုတ်ခြင်းကို အထောက်အကူပြုမှု မဖြစ်ပေါ်စေရန် ဖြေရှင်း ဆောင်ရွက်ပေးမှုကိုလည်း အာမခံချက်ပေးသင့်သည်။[၆]

၂၅။ နိုင်ငံများသည် ၎င်းတို့၏စီရင်ပိုင်ခွင့်နယ်ပယ်အတွင်းရှိ လူပုဂ္ဂိုလ်အားလုံးအတွက် အတင်းအဓမ္မနှင်ထုတ်ခြင်းဆောင်ရွက်မှုကို ထိထိရောက်ရောက် ဥပဒေအရကာကွယ်ပေးမှု အမြင့်ဆုံး အတိုင်းအတာအထိ ရရှိစေရန် လက်ရှိတွင် အိုးအိမ်နှင့်မြေယာပိုင်ဆိုင်ခွင့်မရှိကြသောသူများအပါအဝင် ဤကဲ့သို့သောအကာအကွယ်ပေးခြင်းမရရှိသေးသော ထိုလူပုဂ္ဂိုလ်များအပေါ် မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီးဥပဒေအရ အကာအကွယ်ပေးရန် ရည်ရွယ်သော လတ်တလောလုပ်ငန်းစဉ်များက ဆောင်ရွက်သင့်သည်။

၂၆။ နိုင်ငံများသည် လုံလောက်သောအိုးအိမ်ပိုင်ဆိုင်ခွင့်ကို အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူညီမျှခံစားရရှိမည်ဖြစ်ကြောင်း အာမခံချက်ပေးရမည်။ ဤသို့ဖြစ်စေရန် နိုင်ငံများက အတင်းအဓမ္မ ဖယ်ရှားခြင်းမှ အမျိုးသမီးများကို အကာအကွယ်ပေးရန် အထူးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ဤလုပ်ငန်းစဉ်များသည် အိုးအိမ်နှင့်မြေယာပိုင်ဆိုင်ခွင့်များကို အမျိုး သမီးများအားလုံးတို့အပေါ် ပေးအပ်ထားကြောင်းကို အာမခံချက်ပေးသင့်သည်။

၂၇။ နိုင်ငံများက စည်းနှောင်မှုရှိသောလူ့အခွင့်အရေးဆိုင်ရာစံနှုန်းများကို ကုနသွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးမှုအကူအညီနှင့် နိုင်ငံစုံအစည်းအဝေးများနှင့်အဖွဲ့အစည်းများအပါအဝင် ၎င်းတို့၏ နိုင်ငံတကာဆက်ဆံရေးများတွင် ပေါင်းစပ်ဆောင်ရွက်ရန် အာမခံချက်ပေးသင့်သည်။ နိုင်ငံများသည် အလှူရှင်အဖြစ်သော်လည်းကောင်း၊ အကျိုးခံစားသူအဖြစ်သော်လည်းကောင်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ[၇] ကို လုပ်ဆောင်ရာတွင် ၎င်းတို့၏လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်သင့်သည်။ နိုင်ငံများက ၎င်းတို့ကိုယ်စားပြုပါဝင်ဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းများသည် အတင်းအဓမ္မနှင်ထုတ်ခြင်းများပါဝင်ပတ်သက်သော စီမံကိန်း၊ အစီအစဉ် သို့မဟုတ် မူဝါဒတို့ကို တာဝန်ယူဆောင်ရွက်ခြင်း သို့မဟုတ် အကောင်အထည်ဖော်ခြင်းတို့မှ ရှောင်ရှားကြကြောင်း အာမခံချက်ပေးသင့်သည်။ ဆိုလိုသည်မှာ နှင်ထုတ်ခြင်းများသည် အပြည်ပြည်ဆိုင်ရာဥပဒေ၊ လက်ရှိလမ်းညွှန်ချက်များတွင် ဖော်ပြချက်များနှင့် အပြည့်အဝကိုက်ညီမှုမရှိခြင်း ဖြစ်သည်။

## ဃ။ ကြိုတင်ကာကွယ်တားဆီးမှုဆိုင်ရာ မဟာဗျူဟာများ၊ မူဝါဒများနှင့် အစီအစဉ်များ

၂၈။ နိုင်ငံများသည် ၎င်းတို့၏ရရှိနိုင်သောအရင်းအမြစ်များကို အမြင့်မားဆုံးအသုံးချလျက် အတင်းအဓမ္မနှင်ထုတ်ခြင်းနှင့်၎င်း၏အကျိုးဆက်များမှ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အုပ်စုလိုက် နှင့် ရပ်ရွာလူထုအ

[၆] လုံလောက်မှုရှိသောလူနေမှုအဆင့်အတန်းတစ်ရရှိခွင့်၏အစိတ်အပိုင်းတစ်ရပ်အနေဖြင့် လုံလောက်သောအိုးအိမ်ဆိုင်ရာလူ့အခွင့်အရေးကော်မရှင်အထူးအစီရင်ခံစာတင်သွင်းသူ၏ ၂၀၀၂ ခုနှစ် အစီရင်ခံစာထဲတွင်ပါဝင်သော အိုးအိမ်ပိုင်ဆိုင်မှုနှင့်ခွဲခြားဆက်ဆံမှုဆိုင်ရာလမ်းညွှန်ချက်များကို ကြည့်ပါ။

[၇] အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေငြာစာတမ်း ပုဒ်မ ၂၂၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်း ပုဒ်မ ၅၅ နှင့် ၅၆၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ်စာတမ်း ပုဒ်မ ၂ စာပိုဒ် ၁၊ ၁၁၊ ၁၅၊ ၂၂ နှင့် ၂၃၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်း ပုဒ်မ ၂၃၊ စာပိုဒ် ၄ နှင့် ၂၈ တို့တွင် ဖော်ပြထားသည့်အတိုင်း။

ဖွဲ့အစည်းများကို ထိရောက်စွာကာကွယ်နိုင်သည့် အာမခံချက်ပေးရန် သင့်တော်သော မဟာဗျူဟာများ၊ မူဝါဒများနှင့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်သင့်သည်။

၂၉။ နိုင်ငံများသည် သက်ဆိုင်ရာမဟာဗျူဟာများ၊ မူဝါဒများနှင့်အစီအစဉ်များအား နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့်ကိုက်ညီမှုရှိကြောင်း အာမခံချက်ပေးရန် ကျယ်ပြန့်သောသုံးသပ်ချက်များဆောင်ရွက်သင့်သည်။ ဤကိစ္စရပ်တွင် ထိုကဲ့သို့သော သုံးသပ်ချက်များသည် အမျိုးသမီးများ၊ အခွင့်အရေးနည်းပါးသူများ နှင့် ထိခိုက်ခံစားရလွယ်သောအုပ်စုများကို မကောင်းသော အကျိုးသက်ရောက်မှုများဖြစ်ပေါ်စေသည့် လက်ရှိတည်ရှိနေသော မညီမျှမှုများကို ဆက်လက်တည်ရှိစေရန် သို့မဟုတ် တိုးပွားလာစေရန် အထောက်အကူပြုသည့် ပြဌာန်းချက်များကို ဖယ်ရှားရန် ကြိုးပမ်းရမည်ဖြစ်သည်။ မြို့ပြနေရာများတွင်ဖြစ်စေ ကျေးလက်ဒေသများတွင်ဖြစ်စေ မူဝါဒများနှင့်အစီအစဉ်များက ခွဲခြားဆက်ဆံသောပုံစံနှင့်ချမှတ်အကောင်အထည်ဖော်ခြင်းမျိုးမဖြစ်စေရန် နှင့် ဆင်းရဲနွမ်းပါးစွာနေထိုင်ရသူများကို ပိုမို၍အခြေအနေဆိုးဝါးမသွားစေရန်တို့ကို အာမခံချက်ပေးရန် အထူးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်သည်။

၃၀။ နိုင်ငံများသည် မြေယာနှင့်အိုးအိမ်လုပ်ငန်းများတွင် ဈေးကစားမှုကဲ့သို့သော အတင်းအဓမ္မနှင်ထုတ်ခြင်း၏ အခြေခံအကြောင်းအရင်းများကို ရှောင်ရှားနိုင်ရန် နှင့်/သို့မဟုတ် ဖျက်သိမ်းပစ်နိုင်ရန် တိကျသည့် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်သင့်သည်။ နိုင်ငံများသည် အိုးအိမ်နှင့်အငှားချထားခြင်းဈေးကွက၏ လည်ပတ်ဆောင်ရွက်မှုနှင့်ထိန်းချုပ်မှုတို့ကို သုံးသပ်မှုပြုလုပ်သင့်ပြီး၊ လိုအပ်ပါက ဈေးကွက်အင်အားစုများကြောင့် ဝင်ငွေနိမ့်ကျပြီးထိခိုက်ခံစားရလွယ်မှုတို့ တိုးပွားမလာစေရေးနှင့် အခြားသော အခွင့်အလမ်းနည်းပါးသည့်အုပ်စုများကို အတင်းအဓမ္မဖယ်ရှားခံရသည့်အဖြစ်သို့ မရောက်ရှိစေရေးတို့ကို အာမခံချက်ပေးရန် ဝင်ရောက်ဆောင်ရွက်သင့်သည်။ အိုးအိမ်နှင့်မြေယာဈေးနှုန်းများ မြင့်တက်လာသည့် အခြေအနေမျိုးတွင် အခြေချနေထိုင်သူများအား လုံလောက်သည့်အိုးအိမ် သို့မဟုတ် မြေယာကို စွန့်ခွာစေရန် သို့မဟုတ် ပိုင်ဆိုင်မှုကင်းမဲ့စေရန် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စီးပွားရေးဖိအားပေးမှုများကို လုံလောက်သောအကာအကွယ်ပေးမှုကိုလည်း အာမခံချက်ပေးသင့်သည်။

၃၁။ အိုးအိမ်နှင့်မြေယာခွဲဝေရာတွင် ဦးစားပေးမှုကို သက်ကြီးရွယ်အိုများ၊ ကလေးများနှင့် မစွမ်းမသန် ဖြစ်နေသူများကဲ့သို့သော အခွင့်အလမ်းနည်းပါးသည့်အုပ်စုများကို အာမခံချက်ပေးသင့်သည်။

၃၂။ နင်ငံများသည် နေရပ်မှဖယ်ရှားခြင်းကိုလျော့နည်းစေသည့် မဟာဗျူဟာများကိုလည်း ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ အတင်းအကြပ်နှင်ထုတ်မှုများကို အကာအကွယ်ပေးခြင်းအပါအဝင် ထိခိုက်ခံစားရနိုင်သည့် လူပုဂ္ဂိုလ်များ၊ အုပ်စုများနှင့် ရပ်ရွာလူထုအဖွဲ့အစည်းများအားလုံး၏ လူ့အခွင့်အရေးများ အပြည့်အဝလုံခြုံမှုရရှိစေရန် အမြင်ဖြင့် ဖွံ့ဖြိုးမှုအခြေခံသောနှင်ထုတ်မှုများနှင့် ဖယ်ရှားမှုများ ဖြစ်ပေါ်စေနိုင်သည့် စီမံကိန်းတစ်စုံတစ်ခုကို မစတင်မီတွင် ကျယ်ပြန့်ပြည့်စုံသော အကျိုးသက်ရောက်မှုဆန်းစစ်ချက်များကို ဆောင်ရွက်သင့်ပါသည်။ "နှင်ထုတ်မှုဆိုင်ရာအကျိုးသက်ရောက်မှု" ဆန်းစစ်ချက်တွင် ထိခိုက်နစ်နာမှုအနည်းဆုံးဖြစ်စေရေးအတွက် အခြားရွေးချယ်စရာနည်းလမ်းများနှင့် မဟာဗျူဟာများ ဖော်ထုတ်ခြင်းလည်း ပါဝင်သင့်ပါသည်။

၃၃။ အကျိုးသက်ရောက်မှုသုံးသပ်ချက်များသည် အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီးရယ်အိုများ နှင့် လူ့အဖွဲ့အစည်း၏အခွင့်အလမ်းနည်းပါးသော အုပ်စုများအပေါ်တွင် အတင်းအဓမ္မနှင်ထုတ်ခြင်း၏ ကွဲပြားခြားနားသော အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ဤကဲ့သို့ သောဆန်းစစ်ချက်များအားလုံးကို ခွဲခြားကောက်ယူထားသော အချက်အလက်များအပေါ်တွင်အခြေခံသင့်ပါသည်၊ သို့မှသာ ကွဲပြားခြားနားသော အကျိုးသက်ရောက်မှုအားလုံးကို သင့်တော်စွာ ဖော်ထုတ်ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

၃၄။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံနှုန်းများ ကို အသုံးပြုရာတွင် လုံလောက်သောလေ့ကျင့်သင်တန်းပေးရန် လိုအပ်မှာဖြစ်ပြီး၊ ယင်းသင်တန်းများကို ရှေ့နေများ၊ ဥပဒေအကောင်အထည်ဖော်ရေးအရာရှိများ၊ မြို့ပြနှင့်ဒေသန္တရ စီမံကိန်းရေးဆွဲသူများအပါအဝင် သက်ဆိုင်ရာပညာရှင်များနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲ၊ စီမံ၊ အကောင်အထည်ဖော်နေသည့် အခြားဝန်ထမ်းများအတွက် ဆောင်ရွက်ပေးသင့်ပါသည်။ ယင်းသင်တန်းတွင် အိုးအိမ်နှင့်မြေယာတို့နှင့်ပတ်သက်သည့် အမျိုးသမီးများ၏ အရေးကိစ္စများကို အလေးထားလျက် အမျိုးသမီးအခွင့်အရေးများနှင့်ပတ်သက်သည့် လေ့ကျင့်သင်တန်းပေးမှု ပါဝင်ရမည်ဖြစ်သည်။

၃၅။ နိုင်ငံများသည် အတင်းအဓမ္မနှင်ထုတ်ခြင်းများကိုအကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် လူ့အခွင့်အရေး၊ ဥပဒေများ၊ မူဝါဒများနှင့်ပတ်သက်သော လုံလောက်သည့် သတင်းအချက်အလက်များ ဖြန့်ဖြူးပေးခြင်းကို အာမခံချက်ပေးသင့်သည်။ လူအုပ်စုများ အထူးသဖြင့် နှင်ထုတ်ခြင်းကြောင့်ထိခိုက်ခံစားရနိုင်သောသူများကို ယဉ်ကျေးမှုအရသင့်တော်သောလမ်းကြောင်းများ၊ နည်းလမ်းများဖြင့် အချိန်နှင့်တစ်ပြေးညီဖြစသော သင့်တော်သော သတင်းအချက်အလက်များဖြန့်ဖြူးပေးခြင်းကို တိတိကျကျ အလေးထားဆောင်ရွက်ပေးသင့်သည်။

၃၆။ နိုင်ငံများသည် လူတစ်ဦးချင်း၊ အုပ်စုလိုက် နှင့် ရပ်ရွာလူထုအဖွဲ့အစည်းများအား နိုင်ငံတော်၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုက ၄င်းတို့၏အမှုကိစ္စများက စစ်ဆေးနေချိန် ကာလအတွင်း နှင်ထုတ်ခံရခြင်းမှအကာအကွယ်ပေးမှုကို အာမခံရမည်ဖြစ်သည်။

## ၃။နှင်ထုတ်ခြင်းများမတိုင်မီ

၃၇။ မြို့ပြနှင့်ကျေးလက်စီမံကိန်းရေးဆွဲခြင်းနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များသည် ထိခိုက်ခံစားရနိုင်မှုဖြစ်နိုင်ခြေရှိသူများအားလုံး ပါဝင်သင့်ပြီး၊ အောက်ပါအခြေခံအချက်များ ပါဝင်ထည့်သွင်းသင့်ပါသည် (က) နှင်ထုတ်ခြင်းကို စဉ်းစားနေကြောင်း နှင့် အဆိုပြုစီမံကိန်းများနှင့်အခြားနည်းလမ်းများကို ပြည်သူ့ကြားနာမှုများပြုလုပ်မည်ဆိုသည့်အကြောင်းတို့ကို ထိခိုက်မှုခံစားရနိုင်ခြေရှိသော လူများအားလုံးသို့ သင့်တော်သော အကြောင်းကြားစာ၊ (ခ) ထိခိုက်ခံစားရနိုင်သောအုပ်စုများကိုအကာအကွယ်ပေးရန် ဖြေရှင်းကြိုးပမ်းမှုအနေဖြင့် မြေယာမှတ်တမ်းများနှင့်အဆိုပြုထားသောကျယ်ပြန့်သည့်ပြန်လည်နေရာချထားရေးစီမံကိန်းများအပါအဝင် သက်ဆိုင်ရာသတင်းအချက်အလက်များကို အာဏာပိုင်များက ထိထိရောက်ရောက် ဖြန့်ဖြူးပေးခြင်း၊ (ဂ) အဆိုပြုစီမံကိန်းအပေါ် အများပြည်သူသုံးသပ်မှု၊ သဘောထား

မှတ်ချက်ပေးမှု နှင့်/သို့မဟုတ် ကန့်ကွက်မှုတို့အတွက် သင့်တော်သောအချိန်ကာလတစ်ခု၊ (ဃ) ထိခိုက်ခံစားရသူများအား ၎င်းတို့၏အခွင့်အရေးများ နှင့် ရွေးချယ်မှုများနှင့်ပတ်သက်၍ ဥပဒေ၊ နည်းပညာ နှင့်အခြားအကြံပြုချက် များ ပံ့ပိုးပေးမှုကို အထောက်အကူပြုရန် အခွင့်အလမ်းများနှင့်ကြိုးပမ်းမှုများနှင့် (င) ထိခိုက်ခံစားရသူများနှင့်၎င်းတို့၏ အကျိုးဆောင်ရှေ့နေများကို နှင်ထုတ်မှုနှင့်ပတ်သက်သည့်ဆုံးဖြတ်ကို စိန်ခေါ်နိုင်ရန် နှင့်/သို့မဟုတ် အခြားအဆိုပြုချက်များကို တင်ပြနိုင်ရန်နှင့် ၎င်းတို့၏ တောင်းဆိုချက်များနှင့် ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများကို ထုတ်ဖော်တင်ပြနိုင်ရန်တို့အတွက် အခွင့်အလမ်းများ ပေးအပ်နိုင်သည့် ပြည်သူ့ကြားနာပွဲ(များ) ကျင်းပပေးခြင်း တို့ဖြစ်ပါသည်။

၃၈။ နိုင်ငံများသည် နှင်ထုတ်ခြင်းအစား အခြားဖြစ်နိုင်ခြေရှိသောနည်းလမ်းများကို အပြည့်အဝရှာဖွေဖော်ထုတ်သင့်ပါသည်။ အမျိုးသမီးများ၊ ဒေသခံတိုင်းရင်းသားများ နှင့် မစွမ်းမသန် သက်ကြီးရွယ်အိုများ အပါအဝင် ထိခိုက်ခံရနိုင်ခြေရှိသည့် အုပ်စုများနှင့်ပုဂ္ဂိုလ်များအားလုံး နှင့် ထိခိုက်ခံရသူများကိုယ်စား လုပ်ကိုင်ဆောင်ရွက်ပေးနေသူများအားလုံးတို့တွင် သက်ဆိုင်သော သတင်းအချက်အလက်အခွင့်အရေး၊ အပြည့်အဝတိုင်ပင်ဆွေးနွေးမှုအခွင့်အရေး နှင့် လုပ်ငန်းစဉ်တစ်လျှောက်လုံး ပါဝင်ဆောင်ရွက်ခွင့်များရှိပြီး၊ အာဏာပိုင်များက ထိုက်သင့်စွာထည့်သွင်း စဉ်းစားပေးသင့်သည့် အခြားနည်းလမ်းများကိုလည်း အဆိုပြုရန် အခွင့်အရေးရပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများကြားတွင် အဆိုပြုနည်းလမ်းတစ်ခုအပေါ်တွင် သဘောတူညီချက်မရရှိနိုင်သည့်အခြေအနေတစ်ရပ်ပေါ်ပေါက်လာပါက တရားရုံးတစ်ခု၊ အထူးခုံရုံးတစ်ခု သို့မဟုတ် ခုံသမာဓိလူကြီးတစ်ဦး ကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာရှိသော လွတ်လပ်သည့်အဖွဲ့အစည်းတစ်ခုက ကြားဝင်စေ့စပ်ခြင်း၊ ခုံသမာဓိအနေဖြင့်ဖြန်ဖြေခြင်း သို့မဟုတ် သင့်တော်သလို တရားစီရင်ခြင်းတို့ကို ဆောင်ရွက်သင့်သည်။

၃၉။ စီမံကိန်းရေးဆွဲသည့်လုပ်ငန်းစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုနှင့်ညှိနှိုင်းဆွေးနွေးမှုတို့အတွက် အခွင့်အရေးများကို အမျိုးသမီးများ၊ ထိခိုက်ခံစားရလွယ်သူများ နှင့် အခွင့်အလမ်းနည်းပါးသူများအပါအဝင် ထိခိုက်ခံစားရသည့်လူများအားလုံးသို့ ထိထိရောက်ရောက် ဖြန့်ကျက်ပေးအပ်ရမည်ဖြစ်ပြီး၊ လိုအပ်လျှင် အထူးလုပ်ငန်းစဉ်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကိုချမှတ်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

၄၀။ နှင်ထုတမှုတစ်ခုကိုစတင်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်တစ်စုံတစ်ရာမတိုင်ခင် အာဏာပိုင်များက နှင်ထုတ်မှုသည် ရှောင်လွှဲ၍မရနိုင်ကြောင်းနှင့် အထွေထွေသာယာဝပြောမှုကို အကာအကွယ်ပေးသည့် နိုင်ငံတကာလူ့အခွင့်အရေး ကတိကဝတ်များနှင့် ကိုက်ညီမှုရှိကြောင်း ပြသရမည်ဖြစ်သည်။

၄၁။ နှင်ထုတ်မှုနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်ကို သက်ဆိုင်သူများအားလုံးသို့ ဒေသန္တရဘာသာစကားဖြင့်ရေးသားကာ လုံလောက်စွာကြိုတင်၍ကြေငြာပေးသင့်သည်။ နှင်ထုတ်မှုဆိုင်ရာအကြောင်းကြားစာတွင် (က) ကျိုးကြောင်းဆီလျော်မှုရှိသည့် အခြားရွေးချယ်စရာနည်းလမ်းမရှိခြင်း၊ (ခ) အဆိုပြုထားသောနည်းလမ်း၏ အပြည့်အစုံ အသေးစိပ်ဖော်ပြချက်၊ နှင့် (ဂ) အခြား ရွေးချယ်စရာ နည်းလမ်းမရှိသောအခြေအနေတွင် နှင်ထုတ်မှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို လျှော့ချရန် ဆောင်ရွက်ထားရှိပြီးဖြစ်သော၊ ကြိုတင်တွက်ဆထားပြီးဖြစ်သော လုပ်ငန်းအစီအစဉ်များအားလုံး အပါအဝင် ဆုံးဖြတ်ချက်အတွက် တရားမျှတမှုရှိကြောင်းအသေးစိတ်ဖော်ပြချက်တစ်ရပ် ပါဝင်သင့်သည်။ နောက်

ဆုံး ဆုံးဖြတ်ချက်အားလုံးကို အုပ်ချုပ်ရေးနှင့်တရားရေးဆိုင်ရာသုံးသပ်ချက်မှု ခံယူသင့်သည်။ ထိခိုက်မှု ခံစားရသူအားလုံးတို့ကို လိုအပ်လျှင် အခကြေးငွေပေးစရာမလိုဘဲ ဥပဒေအရ အချိန်မီ တိုင်ပင်ဆွေးနွေးခွင့် အာမခံချက်ကိုလည်း ပေးရမည်ဖြစ်သည်။

၄၂။ ထိုက်သင့်သောနှင်ထုတ်ခြင်းဆိုင်ရာအကြောင်းကြားစာသည် နှင်ထုတ်ခံရနိုင်သူများကို ၄င်းတို့၏ ပစ္စည်းဥစ္စာများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပျက်စီးဆုံးရှုံးသွားနိုင်သည့် အခြားကုန်ပစ္စည်းများ၏ တန်ဘိုးများကို ဆန်းစစ်ရေးအတွက် အသေးစတ်စာရင်းတစ်ခုကိုပြုစုရန် ဆောင်ရွက်ခွင့်ပြုသင့်သည်။ နှင်ထုတ်ခံရနိုင်သူများကို ပေးလျော်ရန်ရှိသည့် ငွေကြေးနှင့်မဆိုင်သော ဆုံးရှုံးနစ်နာမှုများကို ဆန်းစစ် ပြုစုရန်ကိုလည်း အခွင့်အရေးပေးသင့်သည်။

၄၃။ နှင်ထုတ်မှုများသည် အိုးမဲ့အိမ်မဲ့အဖြစ်သတ်မှတ်ပေးထားခြင်းခံရသောသများ သို့မဟုတ်အခြားလူ့အခွင့်အရေး ချိုးဖောက်ခြင်းခံထားရသူများကို အကျိုးသက်ရောက်မှုမဖြစ်စေသင့်ပေ။ နိုင်ငံတော်သည် ၄င်း၏ရရှိနိုင်သမျှသော အရင်းအမြစ်များကို အစွမ်းကုန် အသုံးပြုလျှက် ၄င်းတို့ကိုယ်၄င်းတို့ဖြည့်ဆည်းထောက်ပံ့ပေးခြင်းငှာ မစွမ်းဆောင်နိုင်သူများအတွက် လလောက်မှုရှိသော အခြားအိုးအိမ်များ၊ ပြန်လည်နေရာချထားပေးမှု သို့မဟုတ် ထုတ်လုပ်မှုစွမ်းအားကောင်းသော မြေယာရပိုင်ခွင့်ရရှိနိုင်အောင် နှင့် ဖြည့်ဆည်းပေးနိုင်အောင် သင့်တော်သောလုပ်ငန်းစဉ်များအားလုံး ချမှတ်ရေးအတွက် ဖြည့်ဆည်းပေးမှုများ ပြုလုပ်ပေးရမည်။ အခြားအိမ်ရာအစအစဉ်သည် နှင်ထုတ်ခံရသူများ၏ မူလနေထိုင်ရာနေရာ နှင့် အသက်မွေးကြောင်းလုပ်ငန်းရင်းမြစ်ရှိရာနေရာတို့နှင့် ဖြစ်နိုင်သလောက်အနီးကပ်ဆုံးတည်ရှိသင့်သည်။

၄၄။ အိုးအိမ်များတည်ဆောက်ခြင်း၊ ရေ ၊ လျှပ်စစ်မီး၊ ကျန်းမာရေးနှင့်ညီညွတ်စေမည့်အစီအစဉ်၊ ကျောင်း၊ လမ်းတို့ ဖြည့်ဆည်းပေးမှုနှင့် မြေယာနှင့်လုပ်ငန်းခွင်နေရာများ ခွဲဝေသတ်မှတ်ပေးမှု စသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များ အားလုံးတို့သည် လက်ရှိလမ်းညွှန်ချက်များ၊ နိုင်ငံတကာ အသိအမှတ်ပြု လူ့အခွင့်အရေးမူများနှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပြီး၊ နှင်ထုတ်ခံရမည့်သူများကို ၄င်းတို့၏ မူလနေထင်ရာနေရာများမှ ဖယ်ရှားခြင်းမခံရမီတွင် ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သည်။[၅]

## ၄။နှင်ထုတ်ခြင်းများဆောင်ရွက်နေသည့်ကာလအတွင်း

၄၅။ လူ့အခွင့်အရေးစံနှုန်းများ လေးစားလိုက်နာမှုကို အာမခံချက်ရှိစေရေးအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များထဲတွင် နှင်ထုတ်မှုများဆောင်ရွက်နေသည့်ကာလအတွင်း ထိုနေရာ၌ လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အစိုးရအရာရှိများ သို့မဟုတ် ၄င်းတို့၏ကိုယစားလှယ်များ ရှိနေခြင်း ပါဝင်ပါသည်။ အစိုးရအရာရှိများ၊ ၄င်းတို့၏ကိုယ်စားလှယ်များ နှင့် နှင်ထုတ်မှုကို အကောင်အထည်ဖော်နေသည့်သူများသည် ၄င်းတို့မည်သူမည်ဝါဖြစ်ကြောင်းကို နှင်ထုတ်ခြင်းခံနေရသူများအား ဖော်ပြရမည်ဖြစ်ပြီး၊ နှင်ထုတ်ခြင်း ဆောင်ရွက်မှုအတွက် တရားဝင်လုပ်ပိုင်ခွင့်ကို တင်ပြရမည်ဖြစ်သည်။

---

[၅] လက်ရှိလမ်းညွှန်ချက်များ၏အခန်း ၅ တွင်ကြည့်ပါ။

၄၆။ ဒေသဆိုင်ရာနှင့်နိုင်ငံတကာလေ့လာသူများပါဝင်သည့် ကြားနေလေ့လာသူများကို နှင်ထုတ်မှု ဆောင်ရွက်နေစဉ်ကာလအတွင်း ပွင့်လင်းမြင်သာမှုနှင့်နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီမှုရှိကြောင်း အာမခံချက်ပေးရန် ပန်ကြားချက်ဖြင့် ဝင်ရောက်ခွင့်ပြုသင့်သည်။

၄၇။ နှင်ထုတ်ခြင်းများကို နှင်ထုတ်ခံရသူများ၏ ဘဝ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးများနှင့် လုံခြုံရေးတို့ကို ချိုးဖောက်သော အပြုအမူပုံစံဖြင့် ဆောင်ရွက်ခြင်းမျိုးမဖြစ်စေရပါ။ နှင်ထုတ်မှုများ ဆောင်ရွက်နေစဉ်ကာလအတွင်း အမျိုးသမီးများအား လိင်ခွဲခြားမှုကိုအခြေခံသော အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုများ မဖြစ်စေရန် နှင့် ကလေးများ၏လူ့အခွင့်အရေးများကို ကာကွယ်ပေးခြင်းတို့ကို အာမခံချက်ပေးရန် လုပ်ငန်းအဆင့်များကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။

၄၈။ ဥပဒေနှင့်အညီအင်အားအသုံးပြုရာတွင် လိုအပ်မှုရှိခြင်းနှင့်အချိုးအစားညီညွတ်မျှတမှုရှိခြင်းဆိုင်ရာမူများအပြင် ဥပဒေအကောင်အထည်ဖော်ဆောင်သောအရာရှိများ၏ အင်အားနှင့်လက်နက်အသုံးပြုမှုဆိုင်ရာ အခြေခံမူများ၊ အပြည်ပြည်ဆိုင်ရာဥပဒေအကောင်အထည်ဖော်မှုနှင့်လူ့အခွင့်အရေးစံနှုန်းများနှင့်ကိုက်ညီမှုရှိသော နိုင်ငံ သို့မဟုတ် ဒေသဆိုင်ရာ ကျင့်ထုံးဥပဒေများကို လေးစားရမည်ဖြစ်သည်။

၄၉။ နှင်ထုတ်ခြင်းများကို ရာသီဥတုဆိုးရွားချိန်၊ ညအချိန်၊ ပွဲတော်များ သို့မဟုတ် ဘာသာရေးအားလပ်ရက်များ၊ ရွေးကောက်ပွဲများမတိုင်ခင်၊ သို့မဟုတ် ကျောင်းစာမေးပွဲများ အတွင်း သို့မဟုတ် မတိုင်ခင် ဆောင်ရွက်ခြင်းမပြုရပါ။

၅၀။ နိုင်ငံများနှင့်၎င်းတို့၏ကိုယ်စားလှယ်များက မည်သူမျှ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများသည် တိုက်ရိုက် သို့မဟုတ် လက်လွတ်စပယ်နိုင်သော တိုက်ခိုက်မှု သို့မဟုတ် အခြား အကြမ်းဖက်ဆောင်ရွက်မှုများ၊ သို့မဟုတ် ဖျက်သိမ်းမှု၏ရလဒ်တစ်ခုအနေဖြင့် ဥစ္စာပစ္စည်းနှင့် ပိုင်ဆိုင်မှုများကို အတင်းအကြပ် ဆုံးရှုံးစေခြင်း၊ မီးရှို့ခြင်း နှင့် တမင်သက်သက်ဖျက်ဆီးသည့်အခြားနည်းလမ်းများ၊ ပေါ့ဆခြင်း သို့မဟုတ် စုပေါင်းပြစ်ဒဏ်ချမှတ်သည့်ပုံစံမျိုး မခံစားရစေရေးအာမခံချက်ပေးရန် လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ဆန္ဒမရှိဘဲ ကျန်နေခဲ့သော ပစ္စည်းဥစ္စာနှင့် ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်း၊ အတင်းအဓမ္မ တရားမဝင် ရယူခြင်း၊ သိမ်းပိုက်ခြင်း သို့မဟုတ် အသုံးပြုခြင်းတို့မှ အကာအကွယ်ပေးသင့်သည်။

၅၁။ အာဏာပိုင်များနှင့်၎င်းတို၏ ကိုယ်စားလှယ်များသည် နှင်ထုတ်ခံရသူများကို ၎င်းတို့၏ ကိုယ်ပိုင်အိမ်များနှင့်အခြားအဆောက်အအုံများအား ဖျက်သိမ်းရန် တောင်းဆိုခြင်း သို့မဟုတ် အတင်းအကြပ်လုပ်ခြင်းများ မည်သည့်အခါမှ မလုပ်သင့်ပါ။ သို့သော် ဤသို့ဆောင်ရွက်ခြင်းသည် ပိုင်ဆိုင်မှုများနှင့် အဆောက်အအုံပစ္စည်းများကို ကယ်ဆယ်ခြင်းကို အထောက်အကူပြုရာရောက်မည်ဆိုလျှင် ထိခက်အနစ်နာဆုံး ခံစားရသူများအပေါ် ဤနည်းလမ်းကိုဆောင်ရွက်ရန် ပြဌာန်းရမည်ဖြစ်သည်။

## ၅။နှင်ထုတ်မှုတစ်ခုပြီးနောက် - လတ်တလောကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး

၅၂။ တရားမျှတမှုရှိသော လျော်ကြေးပေးခြင်း၊ လုံလောက်သော အခြားနေထိုင်စရာနေရာပေးခြင်း၊ သို့မဟုတ် ဖြစ်နိုင်သည့်အခါ ပြန်လည်နေရာချထားပေးခြင်းတို့အတွက် တာဝန်ရှိသော အစိုးရနှင့် အခြားအဖွဲ့အစည်းများသည် ရှောင်လွှဲမရသောကိစ္စမျိုးမှလွဲလျှင် နှင်ထုတ်ခံရသူများအပေါ်တွင် ထိုသို့ ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အနိမ့်ဆုံးအနေဖြင့် အခြေအနေကိုထည့်မတွက်ဘဲ၊ ခွဲခြားမှုမရှိဘဲ သက်ဆိုင်ရာတာဝန်ရှိသောအာဏာပိုင်များသည် နှင်ထုတ်ခံရသောလူများနှင့်အုပ်စုများ၊ အထူးသဖြင့် ၎င်းတို့ကိုယ် ၎င်းတို့ ထောက်ပံ့ခြင်းငှာ မစွမ်းဆောင်နိုင်ကြသောသူများအား (က) မရှိမဖြစ်လိုအပ်သောစားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် ကျန်းမာရေးအထောက်အကူများ၊ (ခ) အခြေခံခိုလှုံစရာနှင့်အိုးအိမ်၊ (ဂ) သင့်တော်သောအဝတ်အစား၊ (ဃ)အရေးကြီးသောဆေးဝါးဝန်ဆောင်မှုများ၊ (င) အသက်မွေးဝမ်းကျောင်းရင်းမြစ်များ၊ (စ) တိရစ္ဆာန်မွေးမြူရေးခြံ နှင့် ယခင်က မှီခိုအသုံးပြုခဲ့သော အများပိုင်ပစ္စည်းဥစ္စာအရင်းအမြစ်များ ရရှိခွင့်နှင့် (ဆ) ကလေးများအတွက်ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း စသည်တို့ကို ဘေးကင်းလုံခြုံမှုရှိစွာ ရရှိနိုင်စေရန် အာမခံချက်ပေးရမည်ဖြစ်သည်။ နိုင်ငံများသည် တစ်ခုတည်းသောမိသားစု သို့မဟုတ် ရပ်ရွာလူထုအဖွဲ့အစည်း၏ အဖွဲ့ဝင်များကို နှင်ထုတ်မှုကြောင့် သီခြားစီဖြစ်မသွားစေရန်ကိုလည်း အာမခံချက်ပေးရမည်ဖြစ်သည်။

၅၃။ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်များအားလုံးနှင့် အခြေခံဝန်ဆောင်မှုများနှင့်ထောက်ပံ့မှုများ ခွဲဝေပေးရာတွင် အမျိုးသမီးများ၏ တန်းတူညီမျှ ပါဝင်ဆောင်ရွက်မှုကို အာမခံချက်ပေးရန် အထူးကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ရမည်ဖြစ်သည်။

၅၄။ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၏ အမြင့်မားဆုံးရရှိနိုင်သည့်စံနှုန်းဆိုင်ရာလူ့ အခွင့်အရေးကာကွယ်ပေးခြင်းကို အာမခံချက်ပေးနိုင်စေရန် ဒဏ်ရာရရှိနေသော၊ နာမကျန်းဖြစ်နေသော၊ မစွမ်းမသန်ဖြစ်နေသော နှင်ထုတ်ခံရသည့်သူများသည် ၎င်းတို့လိုအပ်သော ဆေးဝါးကုသမှုနှင့် အလေးထားမှုတို့ကို အပြည့်ဝဆုံးအတိုင်းအတာ အဖြစ်နိုင်ဆုံး နှောင့်နှေးကြန့်ကြာမှုအနည်းဆုံး၊ ဆေးဝါးကုသမှုနှင့်မဆိုင်သော အကြောင်းအရင်းများဖြင့် ခွဲခြားမှုမရှိဘဲ ရရှိသင့်ပါသည်။ လိုအပ်မှုရှိလျှင် နှင်ထုတ် ခံရသူများသည် စိတ်ပိုင်းဆိုင်ရာနှင့်လူမှုရေးဆိုင်ရာဝန်ဆောင်မှုများ ရရှိသင့်ပါသည်။ (က) လိုအပ်သောနေရာတွင် အမျိုးသမီးကျန်းမာရေး ဆောင်ရွက်ပေးသူများရရှိမှုနှင့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိင်ပိုင်းဆိုင်ရာနှင့် အခြားသော အလွဲသုံးစားပြုခံရသူများ၏ ဒုက္ခသည်များအတွက်သင့်တော်သော တိုင်ပင်ဆွေးနွေးမှုကဲ့သို့သော ဝန်ဆောင်မှုများ ရရှိခွင့်တို့အပါအဝင် အမျိုးသမီးများနှင့် ကလေးများ၏ ကျန်းမာရေးလိုအပ်ချက်များ၊ (ခ) နှင်ထုတ်ခြင်း သို့မဟုတ် ပြန်လည် နေရာချထားခြင်းတို့၏ အကျိုးရလဒ်ကြောင့် ဆောင်ရွက်ဆဲဆေးဝါးကုသမှုကို ပျက်စီးမှုမရှိအောင် အာမခံချက်ပေးခြင်း နှင့် (ဂ) ပြန်လည် နေရာချထားပေးသောနေရာများ၌ HIV/AIDS အပါအဝင် ကူးစက်တတ်သောရောဂါများ ကာကွယ်ခြင်း တို့ကို အထူးအလေးထားမှုပေးသင့်ပါသည်။

၅၅။ ဖော်ထုတ်ထားသော ပြန်လည်နေရာချထားရေးနေရာသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ဥပဒေအရ လုံလောက်သောအိုးအိမ်ဆိုင်ရာစံနှုန်းများကို ဖြည့်ဆည်းပေးနိုင်မည်။ ၎င်းတို့တွင်[၉] (က) ဌားရမ်းမှုသက်တမ်းလုံခြုံမှု၊ (ခ) ဝန်ဆောင်မှုလုပ်ငန်းများ၊ ပစ္စည်းဥစ္စာများ၊ အထောက်အကူများ နှင့် သောက်သုံးရေ၊ ချက်ပြုတ်ခြင်း၊ အပူပေးခြင်းနှင့်အလင်းရောင်တို့အတွက်စွမ်းအင်၊ ကျန်းမာသန့်ရှင်း ရေးနှင့်ဆေးကြောသန့်စင်ရေးအထောက်အကူများ၊ အစားအစာသိုမှီးသည့်နည်းလမ်းများ၊ အမှိုက်သ ရိုက်စွန့်ပစ်ခြင်း၊ ရေမြောင်းနှင့် အရေးပေါ်ဝန်ဆောင်မှုလုပ်ငန်းများ နှင့် သင့်တင့်လျောက်ပတ်သော သဘာဝနှင့်အများဆိုင်သောအရင်းအမြစ်များ၊ (ဂ) တတ်နိုင်သောအိုးအိမ်စီမံကိန်း၊ (ဃ) နေထိုင်သူ များအား လုံလောက်သောနေရာထိုင်ခင်း၊ အအေး၊ စွတ်စိုမှု၊ အပူ၊ မိုး၊ လေ သို့မဟုတ် အခြားကျန်းမာရေး ဆိုင်ရာ ခြိမ်းခြောက်မှုများ၊ ဘေးအန္တရာယ်များ၊ ရောဂါပိုးမွှားများအန္တရာယ်မှ အကာအကွယ်ပေးမှု၊ နေထိုင်သူများ၏ရုပ်ပိုင်းဆိုင်ရာဘေးကင်းလုံခြုံမှုကို အာမခံချက်ပေးခြင်း စသည်တို့ကို ဖြည့်ဆည်းပေး သည့် နေထိုင်၍ရနိုင်သော အိုးအိမ်စီမကိန်း (င) အကျိုးခံစားရခွင့်နည်းပါးသောအုပ်စုများအတွက် အခွင့်အရေးရရှိနိုင်မှု၊ (စ) မြို့ပြနေရာများ၌ဖြစ်စေ ကျေးလက်နေရာများ၌ဖြစ်စေ အလုပ်အကိုင် နည်း လမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျောင်းများ၊ ကလေးစောင့်ရှောက်မှုဌာနများ၊ အခြားလူမှုရေးအထောက်အကူများ၊ (ဆ) ယဉ်ကျေးမှုအရ သင့်တော်သော အိမ်ရာစီမံကိန်း စသည် တို့ ပါဝင်ပါသည်။ အိုးအိမ်၏လုံခြုံမှုကို အာမခံချက်ပေးရန် လုံလောက်သောအိမ်ရာစီမံကိန်းတွင် အောက်ပါအရေးကြီးသော အခြေခံအချက်များလည်း ပါဝင်သင့်ပါသည် - ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် နှင့်လုံခြုံရေး၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အကြမ်းဖက်မှုမှကင်းလွတ်ခြင်း၊ နှင့် ထိခိုက်ခံစားရသော ချိုးဖောက်ခံရမှုများအတွက် ကုစားမှုများ ရရှိခွင့် စသည်တို့ဖြစ်ပါသည်။

၅၆။ ပြန်လည်နေရာချထားမှုကို လက်ရှိလမ်းညွှန်ချက်များနှင့်ကိုက်ညီမှုရှိကြောင်း ဆုံးဖြတ်ရာတွင် နိုင်ငံများသည် ပြန်လည်နေရာချထားမှုအခြေအနေတစ်ရပ်တွင် အောက်ပါစံနှုန်းများကို လိုက်နာမှုရှိ ကြောင်း အာမခံချက်ပေးသင့်သည် -

(က) လက်ရှိလမ်းညွှန်ချက်များ၊ နိုင်ငံတကာအသိအမှတ်ပြု လူ့အခွင့်အရေးမူများနှင့်ကိုက်ညီ မှုရှိသော ကျယ်ပြန့်သည့် ပြန်လည်နေရာချထားမှုဆိုင်ရာမူဝါဒတစ်ရပ် ချမှတ်ပြီးသည့်အချိန် မတိုင် မချင်း မည်သည့်ပြန်လည်နေရာချထားမှုမှ ဖြစ်ပေါ်မည်မဟုတ်ပါ။

(ခ) ပြန်လည်နေရာချထားမှုသည် အမျိုးသမီးများ၊ ကလေးများ၊ တိုင်းရင်းသားများ နှင့် အခြား သော ထိခိုက်ခံစားရလွယ်သောအုပ်စုများအား ၎င်းတို့၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်နှင့် အရင်းအမြစ်များ ရရှိသုံးစွဲခွင့် အပါအဝင် တန်းတူညီမျှ အကာအကွယ်ပေးထားခြင်းကို အာမခံချက်ပေးရမည်။

(ဂ) ပြန်လည်နေရာချထားမှုကို အဆိုပြုသော နှင့်/သို့မဟုတ် ဆောင်ရွက်နေသောသူသည် ပြန်လည်နေရာချထားမှုကုန်ကျစရိတ်များအားလုံးအပါအဝင် ဆက်စပ်နေသော ကုန်ကျစရိတ်များ အ တွက် ပေးချေရန် ဥပဒေအရ လိုအပ်မည်ဖြစ်သည်။

---

[၉] ၁၉၉၁ ခုနှစ် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာကော်မတီက ချမှတ်ပြဌာန်းပေးထားသော လုံလောက်မှုရှိ သော အိုးအိမ်အခွင့်အရေးဆိုင်ရာ အထွေထွေသဘောထားမှတ်ချက် အမှတ် ၄ ကို ကြည့်ပါ။

(ဃ) မည်သည့်ထိခိုက်ခံရသူ လူပုဂ္ဂိုလ်များ၊ အုပ်စုများ သို့မဟုတ် ရပ်ရွာလူထုအဖွဲ့အစည်းများ မဆို ၎င်းတို့၏လူ့အခွင့်အရေးများနှင့်ပတ်သက်နေသည့်ကိစ္စရပ်များအား ထိခိုက်နစ်နာမှုခံစားရခြင်း မရှိစေရမှာဖြစ်သလို၊ ၎င်းတို့၏ လူနေမှုအခြေအနေများ စဉ်ဆက်မပြတ်တိုးတက်ကောင်းမွန်မှုကိုလည်း ချိုးဖောက်ခံရမှု မရှိစေရပါ။ ဤစံနှုန်းကို ပြန်လည်နေရာချထားသည့်နေရာရှိ ဒေသခံရပ်ရွာလူထုအဖွဲ့အစည်းများအတွက် နှင့် အတင်းအဓမ္မနှင်ထုတ်ခြင်းခံရသည့် လူပုဂ္ဂိုလ်များ၊ လူအုပ်စုများနှင့် ရပ်ရွာလူထုအဖွဲ့အစည်းများအတွက် ညီမျှစွာ အသုံးပြုရမည်ဖြစ်သည်။

(င) ထိခိုက်ခံရသူ လူပုဂ္ဂလ်များ၊ လူအုပ်စုများ သို့မဟုတ် ရပ်ရွာလူထုအဖွဲ့အစည်းများ၏ ပြန်လည်နေရာချထားခြင်းနှင့်ပတ်သက်သည့် အပြည့်အဝကြိုတင်၍ အကြောင်းကြားထားသော သဘောတူညီချက်ဆိုင်ရာအခွင့်အရေးကို အာမခံချက်ပေးရမည်ဖြစ်သည်။ နိုင်ငံတော်သည် အဆိုပြုထားသောနေရာတွင် လိုအပ်သောဖြည့်ဆည်းမှုများ၊ ဝန်ဆောင်မှုများနှင့် စီးပွားရေးအခွင့်အလမ်းများအားလုံးကို ဖန်တီးပေးရမည်ဖြစ်သည်။

(စ) လုပ်ငန်းခွင်နေရာသို့အသွားအပြန် နှင့် အရေးကြီးသော ဝန်ဆောင်မှုများရရှိရေးတို့အတွက် ခရီးသွားလာမှု အချိန်နှင့်ငွေကြေးကုန်ကျစရိတ်တို့သည် ဝင်ငွေနိမ့်ကျသောအိမ်ထောင်စုများ၏အပေါ် ဝန်ထုတ်ဝန်ပိုး မဖြစ်စေသင့်ပေ။

(ဆ) ပြန်လည်နေရာချထားသည့်နေရာများသည် နေထိုင်သူများ၏ စိတ်ပိုင်းနှင့်ရုပ်ပင်းဆိုင်ရာ ကျန်းမာရေးအဆင့်အတန်းအမြင့်မားဆုံးရရှိခွင့် အန္တရယ်ပြုနိုင်သည့် မသန့်ရှင်းသော နေရာ သို့မဟုတ် မသန့်ရှင်းသောရင်းမြစ်များနှင့် ကပ်သောနေရာများတွင် မတည်ရှိစေရ။

(ဇ) ထိခိုက်ခံရသူ လူပုဂ္ဂိုလ်များ၊ လူအုပ်စုများ သို့မဟုတ် ရပ်ရွာလူထုအဖွဲ့အစည်းများကို နှင်ထုတ်လိုက်သည့်အဆောက်အအုံ သို့မဟုတ် နေရာ၏ ရည်ရွယ်ထားသော အသုံးပြုမှု နှင့် ၎င်း၏ အဆိုပြုထားသော အကျိုးခံစားရမည့်သူများနှင့်ပတ်သက်သည့် သတင်းအချက်အလကများ အပါအဝင် နိုင်ငံတော်စီမံကိန်းများနှင့် ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ စီမံကိန်းရေးဆွဲခြင်းနှင့်အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များနှင့်သက်ဆိုင်သည့် လုံလောက်သောသတင်းအချက်အလက်များကို ပေးအပ်ရမည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်တွင် ဒေသခံတိုင်းရင်းသားများ၊ လူမျိုးစုများ၊ မြေယာမဲ့များ၊ အမျိုးသမီးများနှင့်ကလေးများ ကိုယ်စားပြုပါဝင်မှုကို အာမခံချက်ပေးရန် အထူးအလေးထားရမည်ဖြစ်သည်။

(ဈ) ပြန်လည်နေရာချထားမလုပ်ငန်းစဉ်တစ်ခုလုံးကို ထိခိုက်ခံရသူလူပုဂ္ဂိုလ်များ၊ လူအုပ်စုများ သို့မဟုတ် ရပ်ရွာလူထုအဖွဲ့အစည်းများက အပြည်အဝပါဝင်ဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံများသည် ထိခိုက်ခံရသူလူပုဂ္ဂိုလ်များ၊ လူအုပ်စုများ သို့မဟုတ် ရပ်ရွာလူထုအဖွဲ့အစည်းများက အဆိုပြုတင်ပြလာသော အခြားရွေးချယ်စရာနည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

(ည) ပြည့်စုံပြီး မျှတမှုရှိသော ပြည်သူ့ကြားနာမှုဆောင်ရွက်ပြီးနောက် ပြန်လည်နေရာချထားမှုကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်းတွေ့ရှိရလျှင် ထိခိုက်ခံရသူ လူပုဂ္ဂိုလ်များ၊ လူ

အုပ်စုများ သို့မဟုတ် ရပ်ရွာလူထုအဖွဲ့အစည်းများကို ပြန်လည်နေရာချထားမှုဆောင်ရွက်မည့်နေ့ မတိုင်မီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်အကြောင်းကြားစာ ပေးပို့ရမည်ဖြစ်သည်။

(ဌ) ကောင်းမွန်စွာရွေးချယ်ထားသော ဒေသန္တရအစိုးရအရာရှိများနှင့်ကြားနေလေ့လာသူများသည် အတင်းအကြပ်လုပ်ဆောင်မှု၊ အကြမ်းဖက်မှု သို့မဟုတ် ခြိမ်းခြောက်မှုများ ပါဝင်မှုမရှိကြောင်းကို အာမခံချက်ပေးရန် ပြန်လည်နေရာချထားမှုဆောင်ရွက်စဉ်ကာလအတွင်း ရှိနေရမည်ဖြစ်သည်။

၅၇။ ပြန်လည်နေရာချထားရေးမူဝါဒများတွင် ၎င်းတို့၏ အိုးအိမ်ဆိုင်ရာလူ့အခွင့်အရေး၊ အစားအစာ၊ ရေ၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ ပုဂ္ဂိုလ်ရေးလုံခြုံမှု၊ အိုးအိမ်လုံခြုံမှု၊ ရက်စက်မှု၊ လူမဆန်မှု သို့မဟုတ် အဆင့်နိမ့်ကျသောဆက်ဆံမှုတို့မှကင်းလွတ်ခွင့် နှင့် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်တို့အား အညီအမျှခံစားရရှိမှုကို အာမခံချက်ပေးရန် အမျိုးသမီးများ၊ အခွင့်အလမ်းနည်းပါးသူများနှင့် ထိခိုက်ခံစားရလွယ်သူများအတွက် ရည်ရွယ်သော အစီအစဉ်များ ပါဝင်ရမည်ဖြစ်သည်။

၅၈။ နှင်ထုတ်မှုတစ်ခုကြောင့် ထိခိုက်ခံရသူ လူပုဂ္ဂိုလ်များ၊ လူအုပ်စုများ သို့မဟုတ် ရပ်ရွာလူထုအဖွဲ့အစည်းများသည် ၎င်းတို့၏ လုံလောက်သောအိုးအိမ်အခွင့်အရေးကို ဆက်လက်အကောင်အထည်ဖော်ခွင့် အပါအဝင် ၎င်းတို့၏လူ့အခွင့်အရေးများကို ထိခိုက်နစ်နာမှု မခံစားစေသင့်ပါ။ အဆိုပါမှုကို ပြန်လည်နေရာချထားသည့်နေရာရှိ လက်ခံသည့်ရပ်ရွာလူထုအဖွဲ့အစည်းသို့လည်း ညီမျှစွာ အသုံးပြုရမည်ဖြစ်သည်။

## ၇။အတင်းအဓမ္မနှင်ထုတ်ခြင်းများအတွက် ကုစားမှုများ

၅၉။ အတင်းအဓမ္မနှင်ထုတ်ခြင်းများ၏ ခြိမ်းခြောက်မှုခံရသူ သို့မဟုတ် ခံရရန်ရှိသူများအားလုံးသည် အချိန်မီကုစားမှုရရှိရန် အခွင့်အရေးရှိသည်။ သင့်တော်သောကုစားမှုများတွင် မျှတမှုရှိသည့်ကြားနာမှု၊ ဥပဒေအရတိုင်ပင်ဆွေးနွေးခွင့်၊ ဥပဒေနှင့်ညီသောအကူအညီ၊ ပြန်ပေးမှု၊ ပြန်လည်နေရာချထားမှု၊ ပိုင်ရှင်သို့ပြန်လည်ပေးအပ်မှု၊ ပြန်လည်နေရာချထားမှု နှင့် လျော်ကြေးပေးမှုတို့ ပါဝင်ပြီး၊ ကုစားမှုများသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေအား ကြီးမားသောချိုးဖောက်မှုနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေအားပြင်းထန်သောချိုးဖောက်မှုတို့အတွက် ကုစားမှုနှင့်လျော်ကြေးအခွင့်အရေးဆိုင်ရာ အခြေခံ မူများနှင့်လမ်းညွှန်ချက်များ ကိုက်ညီမှုရှိသင့်သည်။

### က။ လျော်ကြေးပေးခြင်း

၆၀။ နှင်ထုတ်မသည် ရှောင်လွှဲ၍မရတော့ဘဲ အထွေထွေသာယာဝပြောမှုမြှင့်တင်ရေးအတွက် လိုအပ်သောအခါ နိုင်ငံများသည် ဥစ္စာပစ္စည်းများဆိုင်ရာအခွင့်အရေးနှင့်အကျိုးစီပွားများအပါအဝင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အိမ်ခြံမြေ သို့မဟုတ် အခြားပစ္စည်းဥစ္စာများနှင့်ကုန်ပစ္စည်းများ ဆုံးရှုံးမှုအတွက် တရားမျှတသော လျော်ကြေးပေးရမည် သို့မဟုတ် အာမခံချက်ပေးရမည်ဖြစ်သည်။ စီးပွား

ရေးအရဖြစ်နိုင်သောပျက်စီးဆုံးရှုံးမှုများအတွက် ချိုးဖောက်မှုအတိုင်းအတာ၊ ကိစ္စရပ်တစ်ခုချင်းစီ၏အခြေအနေများနှင့်သင့်တော်သော အချိုးကိုက်ညီမှုရှိသော လျော်ကြေးပေးအပ်မှုများ ဖြစ်သင့်သည်၊ ဥပမာအားဖြင့် အသက် သို့မဟုတ် ကိုယ်လက်အင်္ဂါဆုံးရှုံးမှု၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ အလုပ်အကိုင်၊ ပညာရေး နှင့် လူမှုရေးဆိုင်ရာ အကျိုးစီးပွားများအပါအဝင် အခွင့်အလမ်းဆုံးရှုံးမှု၊ ဝင်ငွေရရှိနိုင်မှုအလားအလာဆုံးရှုံးမှု အပါအဝင် ရုပ်ဝတ္ထုပစ္စည်းပျက်စီးမှုများနှင့်ဝင်ငွေဆုံးရှုံးမှု၊ ကိုယ်ကျင့်တရားပျက်စီးမှု၊ နှင့် ဥပဒေရေးရာနှင့်ကျွမ်းကျင်သူအကူအညီ၊ ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများ၊ စိတ်ပိုင်းဆိုင်ရာနှင့်လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကျစရိတ်များ ဖြစ်ပါသည်။ မည်သည့်အခြေအနေမျိုးတွင်မှ ငွေသားဖြင့်လျော်ကြေးပေးမှုသည် မြေယာနှင့်အများသုံးပစ္စည်းဥစ္စာအရင်းအမြစ်များပုံစံဖြင့်ပေးလျော်မှုကို အစားမထိုးသင့်ပေ။ မြေယာသိမ်းယူခြင်းခံရသောကိစ္စရပ်တွင် နှင်ထုတ်ခံရသူကို အရည်အသွေး၊ အရွယ်အစား၊ တန်ဖိုး နှင့်အချိုးကိုက်ညီသော မြေယာ သို့မဟုတ် ပိုမိုကောင်းမွန်သော မြေယာကို လျော်ကြေးပေးသင့်သည်။

၆၁။ နှင်ထုတ်ခံရသူများအားလုံးကို ၎င်းတို့၏ ပစ္စည်းဥစ္စာအပေါ် ပိုင်ဆင်ခွင့်ရှိသည်ဟူသော အချက်ကို အလေးမထားဘဲ ဆောင်ရွက်ပါက ဆုံးရှုံးသွားသော သို့မဟုတ် ပျက်စီးသွားသော မူလအိမ်ရာနှင့်မြေယာဆုံးရှုံးမှု အပါအဝင် ထိခိုက်ခံရသည့် ၎င်းတို့၏ ပစ္စည်းဥစ္စာများ ကယ်ဆယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့အတွက် လျော်ကြေးရရှိရန် အခွင့်အရေးပေးသင့်သည်။ ပျံ့ကျဲအိုးအိမ်များကဲ့သို့သော တရားမဝင်ပစ္စည်းဥစ္စာ တို့နှင့်ပတ်သက်သည့် ဆုံးရှုံးမှုများအတွက်လည်း ဖြစ်ရပ်တစ်ခုချင်းစီ၏အခြေအနေများကို ထည့်သွင်းစဉ်းစား၍ လျော်ကြေးပေးအပ် သင့်ပါသည်။

၆၂။ အမျိုးသမီးများနှင့်အမျိုးသားများသည် လျော်ကြေးအားလုံး၏ ပူးတွဲအကျိုးခံစားသူများ ဖြစ်ရမည်။ အိမ်ထောင်မရှိသောအမျိုးသမီးများနှင့် မုဆိုးမများသည် ၎င်းတို့၏ကိုယ်ပိုင်လျော်ကြေးများကို အခွင့်အရေးခံစားခွင့်ရှိသင့်သည်။

၆၃။ ပြန်လည်နေရာချထားမှုအတွက်အကူအညီတွင် အကျုံးမဝင်သည့် အတိုင်းအတာကိစ္စရပ်များအတွက် ဆုံးရှုံးမှုများနှင့်ကုန်ကျစရိတ်များကို စီးပွားရေးဆိုင်ရာပျက်စီးမှုဆန်းစစ်ချက်က ထည့်သွင်းစဉ်းစားသင့်သည်၊ ဥပမာအားဖြင့် မြေကွက်များနှင့်အိမ်ပုံစံများ၊ ပါဝင်သောပစ္စည်းများ၊ အခြေခံအဆောကအအုံများ၊ ပေါင်နှံခြင်း သို့မဟုတ် အခြားအကြွေးပြစ်ဒဏ်များ၊ ယာယီအိုးအိမ်များ၊ အုပ်ချုပ်ရေးနှင့်ဥပဒေရေးရာအခကြေးငွေများ၊ အခြားအိမ်ရာများ၊ ဆုံးရှုံးသွားသောအခကြေးငွေများနှင့်ဝင်ငွေများ၊ ဆုံးရှုံးသွားသောပညာရေးဆိုင်ရာအခွင့်အလမ်းများ၊ ကျန်းမာရေးနှင့်ဆေးဝါးစောင့်ရှောက်မှု၊ ပြန်လည်နေရာချထားခြင်းနှင့်သယ်ယူပို့ဆောင်စရိတ်များ (အထူးသဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှ ဝေးကွာလွန်းသော အခြေအနေကိစ္စရပ်များ) ၏ဆုံးရှုံးမှုများနှင့်ကုန်ကျစရိတ်များ ဖြစ်ပါသည်။ နှင်ထုတ်ခံရသောနေထိုင်သူများအတွက အိုးအိမ်နှင့်မြေယာသည် အသက်မွေးဝမ်းကျောငးလုပ်ငန်းရင်းမြစ်တစ်ခုအဖြစ်လည်း ဖြည့်ဆည်းပေးသည်ဆိုလျှင် အကျိုးသက်ရောက်မှုနှင့်ဆုံးရှုံးမှုဆန်းစစ်ချက်တွင် စီးပွားရေလုပ်ငန်းဆုံးရှုံးမှုများ၊ ပစ္စည်းကိရိယာ/ပစ္စည်းစာရင်း၊ မွေးမြူရေးလုပ်ငန်း၊ မြေယာ၊ သစ်ပင်များ/သီးနှံများ နှင့် ဆုံးရှုံးသွားသော လျော့နည်းသွားသော လုပ်ခ/ဝင်ငွေများ၏ တန်ဖိုးအတွက် ထည့်သွင်းတွက်ချက်ရမည်ဖြစ်သည်။

## ခ။ ပိုင်ရှင်သို့ပြန်လည်ပေးအပ်ခြင်းနှင့်ပြန်လာခြင်း

၆၄။ (အထက်စာပိုဒ် ၈ တွင်ဖော်ပြထားသောအကြောင်းအချက်အလက်များအပါအဝင်) ဖွံ့ဖြိုးမှုနှင့် အခြေခံအဆောက်အအုံစီမံကိန်းများနှင့်ဆက်စပ်နေသော အတင်းအဓမ္မနှင်ထုတ်ခြင်းများ၏အခြေအနေများသည် ပိုင်ရှင်သို့ပြန်လည်ပေးအပ်ခြင်းနှင့်ပြန်လာခြင်းတို့အတွက် ခွင့်ပြုခဲ့သည်။ သို့သော်လည်း အခြေအနေပေးလာခဲ့လျှင် နိုင်ငံများသည် အတင်းအဓမ္မနှင်ထုတ်ခြင်းခံခဲ့ရသည လူပုဂ္ဂိုလ်များ၊လူအုပ်စုများ နှင့် ရပ်ရွာလူထုအဖွဲ့အစည်းများအားလုံးတို့၏ အဆိုပါအခွင့်အရေးများကို ဦးစားပေးဆောင်ရွက်သင့်သည်။ သို့သော် လူပုဂ္ဂိုလ်များ၊ လူအုပ်စုများ၊ နှင့် ရပ်ရွာလူထုအဖွဲ့အစည်းများအား ၎င်းတို့၏ အိုးအိမ်များ၊ မြေယာများ သို့မဟုတ် မူလနေရာများသို့ ပြန်လာရန် ၎င်းတို့၏ဆန္ဒကိုဆန့်ကျင်လျက် အတင်းအကြပ် မလုပ်ဆောင်ရပါ။

၆၅။ ပြန်လာနိုင်ခြေရှိသောအခါ သို့မဟုတ ဤလမ်းညွှန်ချက်များနှင့်အညီ လုံလောက်သော ပြန်လည်နေရာချထားမှုကို ဖြည့်ဆည်းမပေးသောအခါ သက်ဆိုင်ရာအာဏာပင်များသည် ဘေးကင်းလုံခြုံမှုနှင့်ဂုဏ်သိက္ခာရှိသည့်အခြေအနေတွင် အိုးအိမ်များ သို့မဟုတ် နေထိုင်ရာ နေရာများသို့ ဆန္ဒအလျောက်ပြန်လာရေးအတွက် ငွေကြေးအပါအဝင် အခြေအနေများဖန်တီးပေးခြင်းနှင် နည်းလမ်းများဖြည့်ဆည်းပေးခြင်းတို့ကိုဆောင်ရွက်ပေးသင့်သည်။ တာဝန်ရှိသောအာဏာပိုင်အဖွဲ့ အစည်းများသည် ပြန်လာသောသူများ၏ လူ့အဖွဲ့အစည်းအတွင်းပြန်လည်ပေါင်းစည်းရေးကို အဆင်ပြေစေရန် ဆောင်ရွက်ပေးသင့်ပြီး၊ ပြနလာရာတွင် အဆင်ပြေအောင် စီစဉ်ခြင်းနှင့်စီမံခန့်ခွဲခြင်းလုပ်ငန်းများတွင် ထိခိုက်ခံရ သောလူပုဂ္ဂိုလ်များ၊ လူအုပ်စုများနှင့် ရပ်ရွာလူထုအဖွဲ့အစည်းများ၏ အပြည့်အဝပါဝင်ဆောင်ရွက်မှု ကို အာမခံချက်ပေးရန် ကြိုးပမ်းအားထုတ်သင့်ပါသည်။ အမျိုးသမီးများ၏အခွင့်အလမ်းနည်းပါးမှု သုမဟုတ် ဖယ်ထုတ်ခံထားရမှုများကို အထောက်အကူဖြစ်စေသည့် လက်ရှိ အိမ်ထောင်စု၊ ရပ်ရွာ လူထုအဖွဲ့အစည်း၊ အဖွဲ့အစည်းဆင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာ သို့မဟုတ် အခြားကျား-မဘက်လိုကခွဲခြား၍ ဘက်လိုက်မှုများကို ကျော်လွှားရန် ပြန်လာခြင်းနှင့်ပိုင်ရှင်သ ပြန်လည်ပေးအပ်ခြင်း လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ညီမျှသော၊ ထိရောက်မှုရှိသော ပူးပေါင်းပါဝင်မှုကို အာမခံချက် ပေးရန် အထူးလုပ်ငန်းစဉ်များ လိုအပ်နိုင်ပါသည်။

၆၆။ သက်ဆိုင်ရာအာဏာပိုင်များတွင် ပြန်လာသော လူပုဂ္ဂိုလ်များ၊ လူအုပ်စုများ၊ နှင့် ရပ်ရွာလူထုအဖွဲ့အစည်းများအား ၎င်းတို့ကျန်ရခဲ့သော သို့မဟုတ် ၎င်းတို့နှင်ထုတ်ခံရချိန်တွင် ဆုံးရှုံးသွားသော ဥစ္စာပစ္စည်းများနှင့်ပိုင်ဆိုင်မှုများကို ဖြစ်နိုင်သမျှ အမြင့်ဆုံးအတိုင်းအတာအထိ ပြန်လည်ရရှိအောင် အကူအညီပေးရန် တာဝန်ဝတ္တရားများရှိပါသည်။

၆၇။ တစ်စုံတစ်ဦးသည် နေရပ် သပြန်လာရန် နှင့် ပစ္စည်းဥစ္စာနှင့်ပိုင်ဆိုင်မှုများ ပြန်လည်ရရှိ ရန် မဖြစ်နိုင်သောအခါ သက်ဆိုင်ရာအာဏာပိုင်များသည် အတင်းအကြပ်နှင်ထုတ်ခံရသည့် ဒုက္ခသည်များကို သင့်တော်သော လျော်ကြေးငွေ သို့မဟုတ် အခြားမျှတမှုရှိသောလျော်ကြေးများ ရရှိရေးတွင် ကူညီပံ့ပိုးမှုများပေးရမည်ဖြစ်သည်။

## ၈။ ပြန်လည်နေရာချထားပေးခြင်းနှင့်ပြန်လည်ထူထောင်ပေးခြင်း

၆၈။ သက်ဆိုင်သူများအားလုံးကို ပြန်လာခွင့်အတွက် ဦးစားပေးရမည်ဖြစ်သော်လည်း၊ (အထွေထွေ သာယာဝပြောမှု သို့မဟုတ် ဘေးကင်းလုံခြုံမှု၊ ကျန်းမာရေး သို့မဟုတ် လူ့အခွင့်အရေးခံစားမှုတို့ မြှင့်တင်ရေးအတွက် တောင်းဆိုမှုများအပါအဝင်) အချို့သော အခြေအနေများသည် ဖွံ့ဖြိုးမှုအခြေခံ သော နှင်ထုတ်ခြင်းများကြောင့် တစ်စုံတစ်ခုသော လူပုဂ္ဂိုလ်များ၊ လူအုပ်စုများ၊ နှင့် ရပ်ရွာလူထု အဖွဲ့ အစည်းများပြန်လည်နေရာချထားရေး လိုအပ်စေမည်ဖြစ်ပါသည်။ ဤကဲ့သို့သော ပြန်လည်နေရာချ ထားမှုသည် တရားမျှတမှုရှိပြီး တန်းတူညီမျှမှုရှိသော ပုံစဖြင့်လည်းကောင်း၊ ဤလမ်းညွှန်ချက်များ ၏ အခန်း ၅ တွင်ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့်အညီလည်းကောင်း လုပ်ဆောင်ရမည်ဖြစ်သည်။

## ၇။စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း နှင့် နောက်ဆက်တွဲလုပ်ဆောင်ခြင်း

၆၉။ နိုင်ငံများသည် ၎င်းတို့၏ စီရင်ပိုင်ခွင့်အတွင်းနှင့် ထိထိရောက်ရောက်ထိန်းချုပ်ထားသည့် နယ်မြေအတွင်းဖြစ်ပွားသည့် အတင်းအဓမ္မနှင်ထုတ်ခြင်းများအပါအဝင် နှင်ထုတ်ခြင်းများ၏ အရေ အတွက်၊ အမျိုးအစားနှင့်ရေရှည်အကျိုးဆက်များအား အရေအတွက်ဆိုင်ရာနှင့်အရည်အသွေးဆိုင်ရာ အကဲဖြတ်ခြင်းများကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ တက်ကြွစွာ လုပ် ဆောင်သင့်သည်။ စောင့်ကြည့်စစ်ဆေးမှုအစီရင်ခံစာများနှင့်တွေ့ရှိချက်များကို လေ့လာသိရှိရသော သင်ခန်းစာများကိုအခြေခံထားသော အကောင်းဆုံးလုပ်ဆောင်ချကများနှင့်ပြဿနာဖြေရှင်းသည့် အ တွေ့အကြုံများတိုးတက်မှုကို မြှင့်တင်ရန် ပြည်သူများနှင့်သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများသို့ အသိပေးသင့်သည်။

၇၀။ နငံများအနေဖြင့် အတင်းအဓမ္မနှင်ထုတ်မှုများနှင့် နိုင်ငံတော်က ဤလမ်းညွှန်ချက်များနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေတို့ကို လိုက်နာမှု ရှိ မရှိကို စောင့်ကြည့် စစ်ဆေးရန် နှင့်စုံစမ်းစစ်ဆေးရန် တို့အတွက် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်း ကဲ့သို့သော လွတ်လပ်မှု ရှိသော အဖွဲ့အ စည်းတစ်ခုကို ယုံကြည်အပ်နှံဆောင်ရွက်သင့်သည်။

## ၈။နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏အခန်းကဏ္ဍ

၇၁။ နိုင်ငံတကာအသိုက်အဝန်းသည် အိုးအိမ်၊ မြေယာ နှင့် ပစ္စည်းဥစ္စာတို့နှင့်ပတ်သက်သည့် လူ့ အခွင့်အရေးများကို မြှင့်တင်ရန်၊ ကာကွယ်ရန် နှင့် ဖြည့်ဆည်းပေးရန် တာဝန်ဝတ္တရားများ ရှိပါသည်။ အလှူရှင်နိုင်ငံများနှင့်အဖွဲ့အစည်းများတွင်မဲပေးပိုင်ခွင့်ရှိသည့်အဖွဲ့ဝင်များအပါအဝင် နိုင်ငံတကာ ငွေ ကြေး၊ ကုန်သွယ်ရေး၊ ဖွံ့ဖြိုးရေး နှင့် အခြားဆက်စပ် အဖွဲ့အစည်းများနှင့်အေဂျင်စီများသည် အပြည်

ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့်ဆက်စပ်နေသောစံနှုန်းများအရ အတင်းအဓမ္မနှင်ထုတ်ခြင်းများအပေါ် တားမြစ်ပိတ်ပင်မှု အပြည့်အဝထည့်သွင်းစဉ်းစားဆောင်ရွက်သင့်ပါသည်။

၇၂။ နိုင်ငံတကာအဖွဲ့အစည်းများသည် ၎င်းတို့၏ကျင့်စဉ်များနှင့်မူဝါဒများမှ အကျိုးဆက်အဖြစ်ပေါ်ပေါက်လာသော အတင်းအဓမ္မနှင်ထုတ်ခြင်းကိစ္စရပ်များအတွက် တိုင်ကြားမှုဆိုင်ရာယန္တရားများကို တည်ထောင်သင့် သို့မဟုတ် လက်ခံသင့်သည်။ ဤလမ်းညွှန်ချက်များတွင် ပြဌာန်းထားသော မူများနှင့်အညီ ဒုက္ခသည်များကို ဥပဒေနှင့်ညီသော ကုစားမှုများ ပေးအပ်သင့်သည်။

၇၃။ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများနှင့်အခြားသောစီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏သက်ဆိုင်ရာ လုပ်ငန်းနှင့်လွှမ်းမိုးမှုနယ်ပယ်များအတွင်း အတင်းအဓမ္မနှင်ထုတ်ခြင်းများကို တားမြစ်ပိတ်ပင်ခြင်း အပါအဝင် လုံလောက်မှုရှိသောအိမ်ရာဆိုင်ရာ လူအခွင့်အရေးကို လေးစားရမည်ဖြစ်သည်။

## ၉။အဓိပ္ပာယ်ဖွင့်ဆိုခြင်း

၇၄။ ဖွံ့ဖြိုးမှုအခြေခံသော နှင်ထုတ်ခြင်းများနှင့်နေရပ်မှဖယ်ရှားခြင်းဆိုင်ရာ ဤလမ်းညွှန်ချက်များသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးများ၊ ဒုက္ခသည်၊ ရာဇဝတ်မှု သို့မဟုတ် လူသားချင်းစာနာထောက်ထားသော ဥပဒေ နှင့် ဆက်စပ်နေသော စံနှုန်းများအရ အသိအမှတ်ပြုထားသော အခွင့်အရေးများ သို့မဟုတ် ပြည်တွင်းဥပဒေတစ်စုံတစ်ခုအရ အသိအမှတ်ပြုထားသော ဤဥပဒေများနှင့် စံနှုန်းများနှင့်ကိုက်ညီမှုရှိသော အခွင့်အရေးများကို ကန့်သတ်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်းများဖြစ်စေသည့် အဓိပ္ပာယ်ဖွင့်ဆိုခြင်းမျိုး မဖြစ်စေရပါ။